


# Head Start for Kent County

Connecting Families and Community Resources

# ၂၀၂၄-၂၀၂၅ မိဘလက်စွဲစာအုပ်

*Piece by piece, we're*
**Better Together**

# မာတိကာများ


ကျောင်းတည်နေရာများနှင့် ရုံးဖွင့်ချိန်များ ........ 4
Kent County အတွက် Head Start မှကြိုဆိုပါသည် ........ 5
ကျွန်ုပ်တို့၏မစ်ရှင် ........ 5
တံခါးဖွင့်မှုဝါဒ ........ 5
အောင်မြင်ခြင်း အခြေခံများ ........ 5
အရေးပေါ် နှင့် ပြင်းထန်သောရာသီဥတုဆိုင်ရာ လုပ်ထုံး လုပ်နည်းများ ........ 6
- ပြင်းထန်သော ရာသီဥတု နှင့် ကျောင်းပိတ်ခြင်း 6
- လေဆင်နှာမောင်း (Tornado) လုပ်ထုံးလုပ်နည်းများ 6
- မီးဘေး လုပ်ထုံးလုပ်နည်း 6
- လောခ့်ဒေါင်း(Lockdown) လုပ်ထုံးလုပ်နည်း 7

ဆိုဒ်(site) စီမံခန့်ခွဲရေး ........ 8
- မိဘမူဝါဒကောင်စီ 8
- ကျင့်ဝတ်စည်းမျဉ်း 9
- ဆေးလိပ် နှင့် အီး-စီးကရက် သောက်ခြင်း 9
- လက်နက်များ 9
- ပိုးသတ်ဆေး စီမံခန့်ခွဲမှု အစီအစဉ် 10
- သောက်သုံးရေစီမံခန့်ခွဲမှု အစီအစဉ် 10
- ဝန်ထမ်းအပြောင်းအလဲ အသိပေးခြင်း 10
- ကလေးများအား လွှတ်ပေးခြင်း 11

အရည်အချင်းပြည့်မီခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်ခြင်း၊ စာရင်းသွင်းခြင်းနှင့် တက်ရောက်ခြင်း(ERSEA) ........ 12
- အမည်စာရင်းသွင်းခြင်း လုပ်ငန်းစဉ် 12
- နှုတ်ထွက်ခြင်း 12

ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ဒါရိုက်တာများ ........ 13
အိမ်သို့လာရောက်ခြင်း ........ 14
- ကျောင်းခေါ် ကြိမ် 14
- အိမ်သို့လာရောက်ခြင်း ခံယူချက်အမြင် 14

အထူးလိုအပ်ချက်များ ........ 17
- အပြုအမူပိုင်းဆိုင်ရာ လမ်းညွှန်မှု ပေါ်လစီ 17
- ပရမစ်ပုံစံ လေ့ကျင့်မှုများ 17
- ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကဲဖြတ်စစ်ဆေး ပြုစုခြင်း 18
- ပါဝင်စေခြင်း-ဘာကိုဆိုလိုပါသလဲ 19
- မသန်စွမ်းသူများပညာရေးဥပဒေ (IDEA) နှင့်အညီ မသန်စွမ်းသူများ၏ မိဘများ ရသင့်သော ဝန်ဆောင်မှု အခွင့်အရေးများ 20

မိဘ၊ မိသားစုနှင့် ရပ်ရွာနှီးနှောဖလှယ်ပွဲ (PFCE) . . . . . 21

- မိဘများနှင့် မိသားစုများ 21
- ကျောင်းဖွင့်ပွဲ 21
- မိသားစုတွေ့ဆုံပွဲများ 22
- စေတနာ့ဝန်ထမ်း 22
- ကျောင်းခေါ် ကြိမ် မူဝါဒ 23
- ကလေးသူငယ်များ ကာကွယ်ရေး မူဝါဒ 24
- ကွန်မြူနတီ လုပ်ဖော်ဆောင်ဖက်များ 25
- ပရိုဂရမ် အကူးအပြောင်းများ 25

ကျန်းမာရေး . . . . . 27

- ကျန်းမာရေး လိုအပ်ချက်များ 27
- လက်ဆေးခြင်း 28
- ကူးစက်ရောဂါ ကြိုတင်ကာကွယ်ခြင်း 28
- သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်း 28
- မတော်တဆဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အဖြစ်အပျက်နှင့် ဖျားနာခြင်း 28
- ဖျားနာခြင်း 29
- ကျောင်းတွင် ဆေးဝါးများတိုက်ကျွေးခြင်း 29
- သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်း အသိပေးစာ 30
- သွားတိုက်ခြင်း 30

အာဟာရ . . . . . 31

- ကျောင်းတွင်းအစားအသောက် 31
- အတန်းတွင်း ထမင်းစားချိန် 31
- အစားအသောက်စာရင်း 32
- အပိုအစားအသောက်များကို ကျောင်းခန်းထဲသို့ ယူဆောင်လာခြင်း 32
- ပြည်သူ့အခွင့်အရေးများ 32

ပညာရေး . . . . . 34

- အတွေးအခေါ်၊ သင်ရိုးညွှန်းတန်းနှင့် နေ့စဉ်အချိန်ဇယား 34
- အဓိက စောင့်ရှောက်ပေးသူ 35
- နေ့စဉ်လှုပ်ရှားမှု မှတ်တမ်း (နို့စို့ကလေး /လမ်းလျှောက်ကလေးငယ် စာသင်ခန်းများ) 35
- ရာသီဥတုဘေးမှ ကြိုတင်ကာကွယ်ခြင်းများ 36
- ကျောင်းတက်ရန် အဆင်သင့်ဖြစ်စေခြင်း 36
- ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ တုံ့ပြန်မှု 38
- ကွင်းဆင်းလေ့လာခြင်း 38
- သင့်ကလေးနှင့်အတူ ကျောင်းသို့ ဘာပို့ရမည်နည်း 39

သယ်ယူပို့ဆောင်ရေး . . . . . 40

- ဘေးကင်းလုံခြုံမှု ပညာပေး 41
- ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း 42

မစ်ချီဂန်ပြည်နယ် ကလေးပြုစုရေး . . . . . 43

- လိုင်စင် မှတ်တမ်းမှတ်စု 43

# ကျောင်းတည်နေရာများနှင့် ရုံးဖွင့်ချိန်များ

**ပင်မရုံးချုပ်**
2626 Walker Ave. NW,
Walker, MI 49544
Phone: (616) 453-4145
Toll-Free: (800) 472-6994
www.hs4kc.org

| ရာထူး | လိုင်းခွဲ |
|---|---|
| ပင်မရုံးချုပ် ဧည့်ကြို | ၂၂၀၀ |
| Diversity, Equity, & Inclusion Manager: Tyneicshe Williams | ၂၂၄၇ |
| ကျောင်းခွဲစီမံခန့်ခွဲရေး မန်နေဂျာ - Michelle Paul | ၂၂၆၉ |
| အကျိုးရလဒ် သုံးသပ်စိစစ်ရေးမန်နေဂျာ - Laura Silvis | ၂၂၂၄ |

**စပိန်ဘာသာစကားပြောမိသားစုများ - ရွေးချယ်မှု နံပါတ်၈ ကိုနှိပ်ပါ။**

| | |
|---|---|
| **Alger:**<br>256 Alger St SE<br>Grand Rapids, MI 49507<br>Ph. (616) 735-5318 \| Fax (616) 279-3025 | **Plainfield:**<br>1710 Woodworth. NE<br>Grand Rapids, MI 49525<br>Ph. (616) 454-8874 \| Fax (616) 279-3040 |
| **Comstock Park:**<br>3825 Oakridge Ave. NW<br>Comstock Park, MI 49321<br>Ph. (616) 493-0744 \| Fax (616) 279-3000 | **Rogers Lane:**<br>2929 Rogers Lane Ave. SW<br>Wyoming, MI 49509<br>Ph. (616) 532-4229 \| Fax (616) 279-3050 |
| **Henry:**<br>551 Henry Ave. SE<br>Grand Rapids, MI 49503<br>Ph. (616) 774-8822 \| Fax (616) 279-3010 | **South Godwin:**<br>28 Bellevue St. SE<br>Grand Rapids, MI 49548<br>Ph. (616) 735-5351 \| Fax (616) 279-3060 |
| **Home Visiting Program:**<br>2626 Walker Ave. NW<br>Walker MI 49544<br>Ph. (616) 453-4145 \| Fax (616) 279-3200 | **Sparta:**<br>480 S State St,<br>Sparta, MI 49345<br>Ph. (616) 735-5327 |
| **Kentwood:**<br>5360 Eastern SE<br>Kentwood, MI 49508<br>Ph. (616) 735-5345 \| Fax (616) 279-3090 | **Springhill:**<br>2626 Walker Ave. NW<br>Walker, MI 49544<br>Ph. (616) 791-9894 \| Fax (616) 279-3220 |
| **Leonard:**<br>1708 Leonard St NE<br>Grand Rapids, MI 49505<br>Ph. (616) 735-5319 \| Fax (616) 279-3026 | **Sylvan:**<br>1875 Rosewood Ave. SE<br>Grand Rapids MI 49506<br>Ph. (616) 241-0250 \| Fax (616) 279-3070 |
| **North Kent:**<br>14951 White Creek Ave. NE<br>Cedar Springs, MI 49319<br>Ph. (616) 696-3990 \| Fax (616) 279-3030 | |

ဝပ်ဆိုဒ် https://www.hs4kc.org/locations ၌သွားပြီး ကျောင်းဖွင့်ရက်များနှင့် အချိန်များ ကိုကြည့်ပါ။ ဤကျောင်းခွဲအချိန်ဇယားများမှာ နွေရာသီအချိန်ကာလများတွင် နောက်နှစ်အတွက် ပြန်လည် သုံးသပ်ပါသည်။.

# Kent County အတွက် Head Start မှကြိုဆိုပါသည်

သင့် သားသမီးပညာရေးစတင်ဖို့ ကျွန်ုပ်တို့ကိုရွေးချယ်သည့်အတွက် အထူးဂုဏ်ယူပါသည်။ သင်၏ကလေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် အတွေ့အကြုံများကို ပံ့ပိုးပေးနိုင်ရန် သင်နှင့် ဆက်လက်လက်တွဲလုပ်ဆောင်ရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။

## ကျွန်ုပ်တို့၏မစ်ရှင်

ဝင်ငွေနည်းပါးသော အသက်ငါးနှစ်အောက်ကလေးများနှင့် ၎င်းတို့၏မိသားစုများဘဝ ကောင်းမွန်မြင့်မား တိုးတက် လာစေရေးအတွက် ပြည့်စုံသောဝန်ဆောင်မှုများပေးနိုင်ရန်။

သင်သည် သင့်ကလေး၏ ပထမဆုံးနှင့်အကောင်းဆုံးသောဆရာ ဖြစ်သောကြောင့် ကျွန်ုပ်တို့အဖွဲ့၏ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သင်၏ပါဝင်မှုကူညီမှုသည် သင်နှင့်သင်၏ကလေး အတွက်အကောင်းဆုံးသောအတွေ့အကြုံကို ရစေသည့်အပြင် သင့်ကလေးအား သူငယ်တန်း တက်ရောက်ရန် ကြိုတင်ပြင်ဆင်ခြင်းကို ဖြစ်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပရိုဂရမ်ကို ပိုမိုသိကျွမ်းဖို့ရန် ဤလက်စွဲစာအုပ်အား ကျေးဇူးပြု၍ မှီငြမ်းအသုံးပြုစေချင်ပါသည်။ အကယ်၍ သင့်အနေဖြင့် မေးခွန်းများ၊ အကြံပြုလိုသောအရာများ (သို့) သိလိုသောအရာများ ရှိပါက ဖုန်းခေါ်ခြင်းဖြင့် သော်၎င်း၊ ကျွန်ုပ်တို့၏ ဝပ်ဆိုဒ်ဖြစ်သည့် www.hs4kc.org. ၌သော်၎င်း လွပ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တံခါးဖွင့်မူဝါဒ

Kent County အတွက် Head Start တွင် တံခါးဖွင့်မူဝါဒ တစ်ခုရှိပါသည်။ ထိုအရာမှာ ကလေးများ၏ မိဘ(များ)/အုပ်ထိန်းသူ(များ)သည် စာသင်ခန်းသို့ အချိန်မရွေး လာရောက်လည်ပတ် ကြည့်ရှုနိုင်သလို ကျွန်ုပ်တို့ ပရိုဂမ်လှုပ်ရှားမှုများ၌လည်း အတူတကွပါဝင်ဖို့ရန် ကြိုဆိုပါသည်။ ကျွန်ုပ်တို့ သင်နှင့်တွေ့ဆုံဖို့ရန်မျှော်လင့်ပါသည်။

## အောင်မြင်ခြင်း အခြေခံများ

မိဘတစ်ယောက်အနေဖြင့် သင်သည်သင့်ကလေး၏ ပထမဆုံးနှင့်အကောင်းဆုံးသော ဆရာဖြစ်သည်။ The Success Basics မှ မိဘများသည် ၎င်းတို့ကလေး၏ သင်ယူလေ့လာမှု ခရီးစဉ်တွင် အပြည့်အဝ ထောက်မပေးသူများ ဖြစ်ရန် ပံ့ပိုးပေးမည်ဖြစ်သည်။ အောင်မြင်ခြင်းအခြေခံ (Success Basics) သည် ရိုးရှင်းပြီးထိရောက်သော ပျော်ရွှင်စရာ နည်းလမ်း၅ခုဖြင့် သင်၏ကလေးအား ပိုမိုထက်မြက်လာစေရန် ကူညီပေးမည် ဖြစ်သည်။ သင့်ကလေးများသည် ၎င်းတို့၏ အမြင့်ဆုံးစွမ်းရည်ကို ရောက်ရှိနိုင်ရန် ကူညီပေးနိုင်သည့် ဦးနှောက်ဖွံ့ဖြိုးမှုကို ပိုမိုမြှင့်တင်ပေးမည့် ၎င်းတို့၏ဗီဒီယိုများကို ကြည့်ရှုနိုင်ပါသည်။

ပိုမိုလေ့လာရန် https://www.successstartsearly.org/.

# အရေးပေါ် နှင့် ပြင်းထန်သောရာသီဥတု ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ

## ပြင်းထန်သော ရာသီဥတု နှင့် ကျောင်းပိတ်ခြင်း

Kent County အတွက် Head Start မှ ရာသီဥတုပြင်းထန်ချိန်တွင် ရာသီဥတုအခြေအနေကို စောင့်ကြည့်ပါသည်။ ကျောင်းပိတ်ခြင်း (သို့) နှောင့်နှေးခြင်းရှိမည် ဆိုပါက အော်ပရေးရှင်း ဒါရိုက်တာမှ သတင်းမီဒီယာသို့ အသိပေးပါလိမ့်မည်။ ကြေငြာချက်များကို ချန်နယ် ၃ ၊ ၈ ၊ ၁၃ တို့တွင် ထုတ်လွှင့်ပါလိမ့်မည်။ အိမ်သို့လာရောက်ခြင်း (Home Visit) အစီအစဉ် အပါအဝင် အခြား ကျောင်းခွဲများအားလုံး ပိတ်ခြင်း (သို့) နှောင့်နှေးခြင်းများ ရှိမည်ဆိုပါက Kent ခရိုင် Head Start မှနေ၍ ပိတ်ရက်အဖြစ် ထုတ်ပြန်ကြေငြာပါလိမ့်မည်။ အခြေအနေတစ်ခုခုကြောင့် ကျောင်းခွဲတစ်ခု (သို့) နှစ်ခုသာပိတ်မည်ဆိုပါက အဆိုပါ ကျောင်းခွဲအတွက် စာရင်းထုတ်ပြန်ပါလိမ့်မည်။

## လေဆင်နှာမောင်း (Tornado) လုပ်ထုံးလုပ်နည်းများ

### လေဆင်နှာမောင်း စောင့်ကြည့်ခြင်း

လေဆင်နှာမောင်း အခြေအနေ စောင့်ကြည့်နေစဉ်တွင် ကျွန်ုပ်တို့သည် ပုံမှန်အတိုင်း အတန်းများကို သွားမည်ဖြစ်ပြီး ဝန်ထမ်းများမှ အခြေအနေ အပြောင်းအလဲများကို သတိထားနေမည် ဖြစ်သည့်အပြင် ကလေးများ လုံခြုံရေးအတွက် လိုအပ်သောအရာများကိုလည်း ပြင်ဆင်သွားမည် ဖြစ်သည်။

### လေဆင်နှာမောင်း သတိပေးချက်

အကယ်၍ လေဆင်နှာမောင်းသတိပေးချက် ထုတ်ပြန်ပါက ဝန်ထမ်းများမှ လုံခြုံရေးဆောင်ရွက်မှု အစီအစဉ်အတိုင်း လိုက်နာပြီး ကလေးများအား နေရာချထားရှိမည် ဖြစ်သည်။ အကယ်၍ သတိပေးချက်အချိန်သည် သတ်မှတ်ထားသည့် ပုံမှန်အချိန်ကို ကျော်လွန်ပြီး ထပ်မံတိုးမြှင့် သွားပါက ဘတ်စ်ကား(bus)စီးသော ကလေးများ အားလုံးကို သတိပေးထုတ်ပြန်ချက် ပြန်လည်ဖျက်သိမ်းချန် (သို့) သွားလာရေးအတွက် လုံခြုံစိတ်ချရမည့်အချိန်တွင် အိမ်သို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ အိမ်သို့လာရောက်ခြင်း( Home Visiting) အစီအစဉ်ကိုမူ ဖျက်သိမ်းသွားမည် ဖြစ်သည်။

## မီးဘေး လုပ်ထုံးလုပ်နည်း

မီးလောင်မှုဖြစ်ပွားပါက ဝန်ထမ်းများသည် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်အတိုင်း လိုက်နာလုပ်ဆောင်သွားမည် ဖြစ်သည်။ အကယ်၍ မီးလောင်မှုဖြစ်ပွားပါက မိဘ/အုပ်ထိန်းသူထံသို့ အသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး ဘတ်စ်ကားစီးသော ကလေးများအားလုံးကို အိမ်သို့ ပြန်လည်ပို့ဆောင်သွားမည် ဖြစ်သည်။

# လော့ခ်ဒေါင်း(Lockdown) လုပ်ထုံးလုပ်နည်း

လော့ခ်ဒေါင်းလုပ်ထုံးလုပ်နည်းသည် ကျွန်ုပ်တို့၏ကျောင်းခွဲများ (သို့) အနီးတဝိုက်၌ ဘေးအန္တရာယ်များ (သို့) သံသယဖြစ်ဖွယ်လုပ်ဆောင်မှုများ ဖြစ်ပေါ်လာပါက ကလေးများနှင့် ဝန်ထမ်းများအား လုံခြုံစိတ်ချရသည့် နေရာတွင်ထားရှိရန် ဖြစ်သည်။ ကလေးများရှိနေစဉ် ကျွန်ုပ်တို့ အဆောက်အဦးများနှင့် စာသင်ခန်းများအားလုံးကို ပိတ်ထားမည်ဖြစ်သည်။ ဧည့်သည်များအားလုံးသည် အဆောက်အအုံသို့ မဝင်ရောက်မည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကဒ်ပြားများကို စစ်ဆေးသွားမည်ဖြစ်သည်။ အရေးပေါ် ပိတ်ထားခြင်း (သို့) လေ့ကျင့်ရေးအချက်ပေးစက်သံ မြည်နေသောအချိန်တွင် ကျွန်ုပ်တို့ကျောင်းဆိုဒ်များသို့ ဝင်ရောက်ခွင့်ရမည်မဟုတ်ကြောင်းကို ကျေးဇူးပြု၍ သတိပြုစေလိုပါသည်။ ဤအတွက်ကြောင့် အဆင်မပြေမှုများဖြစ်မည်ဆိုပါက ကြိုတင်၍ ကျွန်ုပ်တို့ တောင်းပန်လိုပါသည်။ လုံခြုံရေးသည် ကျွန်ုပ်၏ အဓိကဦးစားပေး ဖြစ်သည်။

## လေ့ကျင့်ရေးအချက်ပေးသံ

ကျောင်းခွဲဝန်ထမ်းများသည် လေဆင်နှာမောင်း၊ မီးဘေး နှင့် လော့ခ်ဒေါင်း စသည့် အန္တရာယ်ကာကွယ်ရေး လေ့ကျင့်ခန်းကို  ကလေးများနှင့်အတူ ပုံမှန်ဦးဆောင်လုပ်ဆောင်သည်။ ပုံမှန်အရေးပေါ်လေ့ကျင့်မှုသည်ဝန်ထမ်းများနှင့်ကလေးများအတွက် အမှန်တကယ်ကြုံရမည့်အချိန်အတွက် ပြင်ဆင်မှုကိုဖြစ်စေသည်။ ဤလေ့ကျင့်မှုမှတ် တမ်းများကို သင့်ကလေးနှင့်ဆိုင်သော ကျောင်းနေရာတွင်ဖော်ပြထားသည်။

ကြေငြာချက်အားလုံးနှင့် ထုတ်ပြန်ကြေငြာထားခြင်းမရှိသော ကြိုတင်ကာကွယ်ရေး drill လေ့ကျင့်မှုများ၊ ရာသီဥတုအခြေအနေ သို့မဟုတ် ဆိုဒ်တွင်ဖြစ်ပွားသော အခြားအရေးပေါ် အခြေအနေများသော်၎င်း မိဘများ/အုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားလာမည် ဖြစ်ပါသည်။

# ဆိုဒ်(site) စီမံခန့်ခွဲရေး

ဆိုဒ်အုပ်ချုပ်ရေး မန်နေဂျာ - Michelle Paul............................................................၆၁၆-၄၅၃-၄၁၄၅ ၊ လိုင်းခွဲ - ၂၆၉

## မိဘမူဝါဒကောင်စီ

မိဘမူဝါဒကောင်စီသည် Kent County အတွက် Head Start (HS4KC)၏ အစီအစဉ်များကိုလုပ်ဆောင်ရန် သော်၎င်း။ ဒီဇိုင်းနှင့်ပတ်သက်၍သော်၎င်း အဖွဲ့အနေဖြင့်အတူတကွ လုပ်ဆောင်ပြီး ဆုံးဖြတ်ချက်များချနိုင်ရန် မိဘများနှင့်ရပ်ရွာအဖွဲ့အစည်းများမှ တစ်ဦးချင်းစီဖြင့်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ မိဘမူဝါဒကောင်စီသည် မူကြို၊ Early Head Start စာသင်ခန်းများနှင့် အိမ်သို့လာရောက်ခြင်းအစီအစဉ်များတွင် မိဘများအတွက် အသံဖြစ်စေသည်။ ၎င်းသည်မိဘများအား ပဂ္ဂိုလ်ရေးဆိုင်းရာ အခွင့်အလမ်း နှင့် ကျွမ်းကျင်မှုပိုင်း ဆိုင်ရာများ တိုးတက်ခြင်းကိုလည်း ဖြစ်စေသည်။

HS4KC ကျောင်းခွဲများနှင့် အိမ်လည်ပတ် ခြင်းအစီအစဉ်အားလုံးတွင် လစဉ်ပုံမှန် အခြေခံအစည်းအဝေးများကို မိဘများ၏ ကိုယ်စားပြုသူများ တက်ရောက်ခြင်းသည် အလွန်ပင်အရေးကြီးသည်။ ဤသို့သောအား ဖြင့် သင်၏ကျောင်းခွဲ (သို့) ပရိုဂမ်၏စိတ်ဝင်စားစရာများကို ကြားသိရသည်။ မိဘမူဝါဒကောင်စီအဖွဲ့ဝင်များသည်လည်း ကျောင်းခွဲများ၏ လစဉ် မိသားစုတွေ့ဆုံပွဲများမှရရှိသော သတင်းအချက်အလက်များကို ဝေမျှသည်။

### မိဘမူဝါဒကောင်စီ နှင့် ဝန်ထမ်းများ လုပ်ဆောင်သော အရာများမှာ-

- လစဉ်မူဝါဒကောင်စီအစည်းအဝေးများသို့တက်ပြီး မေးခွန်းများမေးခြင်း။
- ဆိုဒ်(site) ၏မိသားစုနှီးနှောဖလှယ်ပွဲတွင်မူဝါဒကောင်စီ၏လုပ်ဆောင်မှုများကို အကျဉ်းချုံးတင်ပြခြင်း။
- တစ်နှစ်တာမိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်းဆိုင်ရာများကို ကူညီလုပ်ပေးခြင်း (သို့) အခြားကော်မတီများတွင် လိုအပ်သလိုဆောင်ရွက်ပေးခြင်း။
- အခြားမိဘများသည်၎င်းတို့ကျောင်းခွဲ(site)၏ မိသားစုနှီးနှောဖလှယ်ပွဲများကိုတက် ရောက်ရန်နှင့် အစီအစဉ်တွင်ပါဝင်လာရန်တိုက်တွန်းခြင်း။
- အေဂျင်စီ၏ဆွေးနွေးပွဲများတွင် ဂရိုဂမ်ဒီဇိုင်း၊ စဉ်ဆက်မပျက်တိုးတက်ခြင်းနှင့် စီမံကိန်း(အချက်အလက်သုံးသပ်ခြင်းအပါအဝင်) များနှင့်ပတ်သက်၍ ပါဝင်အကြံပြုခြင်း။

မိဘမူဝါဒကောင်စီအစည်းအဝေးများတွင် ကလေးထိန်းနှင့်အစားအသောက် စီစဉ်ပေးထားသည်။ အဖွဲ့ဝင်များအတွက် ကလေးထိန်းစရိတ်နှင့်သယ်ယူပို့ဆောင်ရေး ကုန်ကျငွေများကိုပြန်ပေးသည်။ မိဘမူဝါဒကောင်စီ အစည်းအဝေးများကို လိုင်းပေါ်(virtual)တွင် ပြုလုပ်နိုင်သည်။

မိဘမူဝါဒကောင်စီ အစည်းအဝေးတက်ရောက်ရန် မိဘများအားလုံးကို ကြိုဆိုပါသည်။ အကယ်၍ သင်သည် သင်၏ ကျောင်းခွဲ(site)ပေါ်လစီကောင်စီ၏ ကိုယ်စားလှယ်ဖြစ်လာဖို့ရန် စိတ်ဝင်စားပါက သင်၏ကျောင်းခွဲ(site) ဝန်ထမ်းများကို ကျေးဇူးပြု၍ဆက်သွယ်ပေးပါ။ သတင်းအချက်အလက်များ ပိုမိုသိလိုပါက အဖွဲ့အစည်းနှင့်မိဘဆက်ဆံရေး အထူးပြုကို (၆၁၆) ၄၅၃ - ၄၁၄၅ လို င်းခွဲ - ၂၀၅ တွင်ဆက်သွယ်နိုင်ပါသည်။

## ကျင့်ဝတ်စည်းမျဉ်း

သင်၏ကလေးအတွက် စံနမူနာဖြစ်စေဖို့ ကျွန်ုပ်တို့နှင့်ပူးပေါင်းဆောင်ရွက်ရန် မိဘများအား ကျွန်ုပ်တို့အားထား ပါသည်။ မိဘတစ်ဦးအနေဖြင့် သင်၏ကလေးဖွံ့ဖြိုးတိုးတက်မှုတွင် သင်သည် အဓိကပံ့သွင်းပေးသူဖြစ်သည်။ ကျောင်းနှင့်အိမ်ဆက်နွယ်မှု နှစ်ခုစပ်ကြားတွင် အတတ်နိုင်ဆုံး အောင်မြင်စေရန် မိဘများနှင့်ဝန်ထမ်းများသည် အောက်ပါကျင့်ဝတ်များကို ကျင့်သုံးရန် တောင်းဆိုပါသည်။

### ဝန်ထမ်းများနှင့် မိဘများသည်-

- အမြဲတမ်းရိုးသားပွင့်လင်းပြီး လေးစားမှုရှိစွာ ပြောဆိုဆက်ဆံပါ။
- နှစ်ဦးနှစ်ဖက် အလေးထားတန်ဖိုးထားပါ။
- ယဉ်ကျေးမှု၊ လေးစားမှုကိုပြပါ။
- အကယ်၍ ပဋိပက္ခများလာပါက သင့်ကျောင်းခွဲ၏ မိဘနှင့်ဆိုင်သောဘုတ် နှင့် ကျွန်ုပ်တို့၏ ဝပ်ဆိုဒ်စာမျက်နှာ(အောက် တွင်ရှိသောလင်ခ့်) တွင်ရှိသော အေဂျင်စီ၏ ပဋိပက္ခဖြေရှင်းရေးမူဝါဒအတိုင်း လိုက်နာပါ။

ရှားပါးပြီး ပုံမှန်မဟုတ်သောအခြေအနေများဖြစ်သော ကျင့်ဝတ်စည်းမျဉ်းဖောက်ဖျက်သော မိဘ/အုပ်ထိန်းသူ/ အရွယ်ရောက်ပြီး သူသည် HS4KC နှင့်သက်ဆိုင်သော ပရဝုဏ်များတွင် တားမြစ်ခြင်းခံရနိုင်သော်လည်း သူ တို့၏ကလေးများကိုမူ အမြဲကြိုဆိုပါသည်။

ဝပ်ဆိုဒ် အရင်းအမြစ်များ စာမျက်နှာ-

https://hs4kc.org/resources/hs4kc-conflict-resolution-process/

## ဆေးလိပ် နှင့် အီး-စီးကရက် သောက်ခြင်း

ပြည်နယ်စည်းမျဉ်းစည်းကမ်းများသည် Head Start ပိုင်ဆိုင်မှုနှင့် Head Start မော်တော်ယဉ်များတွင် ဆေးလိပ် နှင့် အီး-စီးကရက် သောက်ခြင်းကိုတားမြစ်ထားသည်။ Head Start လှုပ်ရှားမှုများတွင် ပါဝင်သူတိုင်းအား မည် သည့်နေရာဖြစ်ပါစေ ဆေးလိပ်သောက်ခြင်းနှင့် အီး-စီးကရက်သောက်ခြင်းကို ရှောင်ကြဉ်ရန် တိုက်တွန်းချင် ပါသည်။

## လက်နက်များ

Kent County အတွက် Head Start (HS4KC) သည် အေဂျင်စီပိုင်နေရာများတွင် သေနတ်များ၊ ပေါက်ကွဲစေ တတ်သောပစ္စည်းများ (သို့) အခြားသောအန္တရာယ်ဖြစ်စေသော (သို့) တရားမဝင်လက်နက်များ လက်ဝယ်ထားရှိ ခြင်းကို တင်းကျပ်စွာတားမြစ်ထားသည်။

## ပိုးသတ်ဆေး စီမံခန့်ခွဲမှု အစီအစဉ်

ပြည်နယ်စည်းမျဉ်း ၆၃၇အရ ကျောင်းတိုင်းတွင် အတည်ပြုနိုင်သော စုပေါင်းပိုးမွှားစီမံခန့်ခွဲမှု (IPM) ပရိုဂမ် ထားရှိရန်လိုအပ်သည်။ (IPM)တွင် ပိုးသတ်ဆေးကို စက်ပိုင်းဆိုင်ရာဖြင့်၊ ဇီဝဗေဒဆိုင်ရာဖြင့်၊ harborage လျှော့ချရေး နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် ထိန်းချုပ်မှုနည်းလမ်း အမျိုးမျိုးဖြင့် လိုအပ်သောအခါတွင်သာ အသုံးပြုသည်။ ထို့ပြင် စည်းမျဉ်း ၆၃၇အရ စာသင်ခန်းများ နှင့် ကျောင်းသားများ ၄နာရီအတွင်း အသုံးပြုမည့် အခြားသောနေရာများတွင် aerosol သို့မဟုတ် ပိုးသတ်ဆေးရည် မသုံးရန်လိုအပ်သည်။

နှစ်စဉ်ထုတ်ပြန်ချက်- စည်းမျဉ်း ၆၃ရနှင့်အညီ HS4KCသည် မိသားစုများထံသို့ ပိုးသတ်ဆေးမဖြန်းမီ ၄၈နာရီကြိုတင်၍ အကြောင်းကြားမည်ဖြစ်သည်။ ဤသတိပေးချက်ကို ကျောင်းအဆောက်အဦး အဝင်ဝတွင် ကပ်ထားမည်ဖြစ်ပြီး အီးလ်းမေးဖြင့်လည်း မိဘ/အုပ် ထိန်းသူများဆီသို့ အကြောင်းကြားလိမ့်မည်။ အချို့သော အရေးပေါ်အခြေနေများတွင် ပိုးသတ်ဆေးများကို ကြိုတင်အသိပေးခြင်းမရှိဘဲ အသုံးပြုမည်ဖြစ်ပြီး ထိုနောက်မှ အသိပေးစာကို သင့်ထံသို့ ပေးပို့လာမည်ဖြစ်သည်။ ကလေးများကိုကာကွယ်ရန် နကျယ်ကောင်များ၊ ပျားများကို ဆေးဖျန်းခြင်းသည် ဖြစ်တတ်သော ဥပမာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်သည်။

## သောက်သုံးရေစီမံခန့်ခွဲမှု အစီအစဉ်

မစ်ရှီဂန်ကလေးများသည် သောက်သုံးရေတွင် ခဲများထိတွေ့ခြင်းမှကာကွယ်ရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး အက်ဥပဒေ 2023 PA 154 နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများ အက်ဥပဒေ 1973 PA 116 (စုပေါင်းအနေဖြင့် Filter First ဟုလည်းလူသိများသော) တို့ ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ Filter First အရ HS4KC သည် ဝန်ထမ်းများနှင့် မိဘများအတွက် သောက်သုံးရေစီမံခန့်ခွဲမှုအစီအစဉ် (DWMP) ကို ရရှိအောင် ကြိုးပမ်းမည် ဖြစ်သည်။ ဤအစီအစဉ်တွင် ရေသုံးစွဲသည့်တည်နေရာ၊ ရေနမူနာနှင့် စမ်းသပ်ခြင်းအတွက် အချိန်ဇယားနှင့် ရလဒ်များအပြင် ရေစစ်ကရိယာ နှင့် ရေစစ်ကရိယာ၏ပြွန် အစားထိုးသည့် ရက်စွဲများ ပါဝင်မည်ဖြစ်သည်။

## ဝန်ထမ်းအပြောင်းအလဲ အသိပေးခြင်း

HS4KC သည် ဝန်ထမ်းများနှင့် မိသားစုများအကြား ဆက်သွယ်ရေးသည် ၎င်းတို့၏ကလေး ပညာရေးအတွက် အရေးကြီးသောအစိတ်အပိုင်းအနေတစ်ခုအနေဖြင့် ပါဝင်နေကြောင်း သိမှတ်ထားပါသည်။ ဝန်ထမ်းတစ်ဦးသည် ရာထူးတိုးခြင်း သို့မဟုတ် ခွဲထွက်ခြင်းဖြင့် သော်၎င်း ရာထူးမှနုတ်ထွက်သည့်အခါ ဝန်ထမ်းပြောင်းလဲမှုဆိုင်ရာ အကြောင်းကြားစာအား မိဘများနှင့် မိသားစုများထံ ပေးပို့မည် ဖြစ်ပါသည်။

## ကလေးများအား လွှတ်ပေးခြင်း

ကလေးများသည် ကျွန်ုပ်တို့၏ ပထမဦးစားပေး ဖြစ်သည်။ ကလေးတစ်ဦးသည် ကလေး၏မိဘ သို့မဟုတ် အုပ်ထိန်းသူမှ ခွင့်ပြုထားသူများထံသို့သာ လွှတ်ပေးရမည်။ ကျွန်ုပ်တို့ ကလေးထည့်ပေးလိုက်သူ ပုဂ္ဂိုလ်တစ်ဦး ချင်းစီ၏ မှတ်ပုံတင်အထောက်အထားကို စစ်ဆေး အတည်ပြုရမည်။ ကလေးလက်ခံသူ ပုဂ္ဂိုလ်သည် အနည်းဆုံး အသက်၁၈နှစ် ရှိသူ ဖြစ်ရမည်။

# အရည်အချင်းပြည့်မီခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်ခြင်း၊ စာရင်းသွင်းခြင်းနှင့် တက်ရောက်ခြင်း(ERSEA)

ပရိုဂရမ် မန်နေဂျာ- Ebony Gonzalez-Pugh .......................................................... ၆၁၆ ၄၅၃-၄၁၄၅၊ လိုင်းခွဲ ၂၂၅၉

## အမည်စာရင်းသွင်းခြင်း လုပ်ငန်းစဉ်

HS4KCသည် အသက် ၃နှစ် မှ ၅နှစ် ကလေးများအတွက် မူကြိုဝန်ဆောင်မှုများ ၊ နို့စို့ကလေးများ/လမ်းလျှောက်တတ်ကာစ အသက် ၆ပတ် မှ ၃နှစ် ကလေးများအတွက် နေ့ကလေးထိန်းကျောင်း ဝန်ဆောင်မှုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် ၀-၃ ကလေးများအတွက် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးသည်။ ဤဝန်ဆောင်မှုများကို မိသားစုများအတွက် အခမဲ့ဆောင်ရွက်ပေးပါသည်။ HS4KCသည် ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှု လမ်းညွှန်အတိုင်း မိသားစုအရွယ်အစားအလိုက် သတ်မှတ်ထားသော ဝင်ငွေရှိမိသားစုများနှင့် သတ်မှတ်ဝင်ငွေထက် နည်းပါးသော မိသားစုများကိုဦးစားပေး စာရင်းသွင်းပေးသည်။ မသန်မစွမ်းကလေးများ ၊ စောင့်ရှောက်ခံကလေးများ၊ အစိုးရအထောက်အပံ့ လက်ခံရရှိသူ(SSI-Disability, Child-only TANF, နှင့်/သို့မဟုတ် SNAP)နှင့်/သို့မဟုတ် အိမ်ခြေမဲ့များကိုလည်း ဦးစားပေး စာရင်းသွင်းပေးသည်။ မိဘများ/အုပ်ထိန်းသူများသည် မူကြိုကလေးများနှင့် နို့စို့ကလေး/လမ်းလျှောက်ကလေးငယ်များ ကျောင်းခန်းများအတွက်  မည်သည့် ကျောင်းခွဲတွင်မဆို စာရင်းပေးသွင်းနိုင်သည်။ မူကြိုကလေးများအတွက် သယ်ယူပို့ဆောင်ရေး(ဘတ်စ်ကား)ကို လိုအပ်ချက်ပေါ်မူတည်၍ ကျောင်းခွဲတိုင်းတွင် ရနိုင်သည်။ အသက်သည် ကျောင်းအပ်နိုင်ရန် နောက်ထပ်လိုအပ်သော အရည်အချင်းပြည့်မီမှုတစ်ခုပင် ဖြစ်သည်။ ကလေးများသည် အနည်းဆုံး အသက်(၃)နှစ် (သို့) ခရိုင်နယ်မြေကျောင်းမှ သတ်မှတ်နေ့ရက်တွင်(၃)နှစ်ဝင်သူဖြစ်ရမည်။ မူကြို အရွယ်ကလေးများအားလုံး စောစီးစွာ ပညာသင်ယူနိုင်ရန်ကြိုးပမ်းရာတွင် မိဘမူဝါဒကောင်စီ နှင့် ဒါရိုက်တာဘုတ်အဖွဲ့မှ နှစ်စဉ်အတည်ပြု ဆုံးဖြတ်ထားသော ဦးစားပေးသတ်မှတ်ချက်များနှင့် ကိုက်ညီသော အသက်၄နှစ် ကလေးများကို ဦးစားပေးထားသည်။

## နှုတ်ထွက်ခြင်း

မိဘ/အုပ်ထိန်းသူသည် ၎င်းတို့၏ကလေးများကို ပရိုဂရမ်နှစ်အတွင်း အချိန်မရွေး နှုတ်ထွက်နိုင်သည်။ အခြား ကလေးတစ်ယောက်အား တတ်နိုင်သမျှ အမြန်ဆုံးဝန်ဆောင်မှုပြန်ပေးနိုင်ရန် ချက်ခြင်း အသိပေးပြီး နှုတ်ထွက်ခြင်းကို အေဂျင်စီဝန်ထမ်းမှ လိုလားပါသည်။ မိသားစုများနှင့် ထိတွေ့ဆက်ဆံဖို့ရန် တစိုက်မတ်မတ်ကြိုးပမ်းရခြင်းမှာ စင်တာအခြေပြုစောင့်ရှောက်မှုတွင် ပုံမှန်တက်ရောက်မှုမြှင့်တင်ရန်နှင့် အိမ်သို့လာရောက်ခြင်းပရိုဂရမ် အတွင်း အပတ်စဉ် အိမ်လည်ပတ်မှုကို အားပေးရန်ဖြစ်သည်။

# ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ဒါရိုက်တာများ

ဘုတ်အဖွဲ့၏ဒါရိုက်တာများသည် Kent county အတွက် Head Start ၏ ဥပဒေဆိုင်ရာနှင့်ငွေကြေးလုပ်ငန်းကို ကြီးကြပ်သော ရပ်ရွာမှ စေတနာ့ဝန်ထမ်းအဖွဲ့ ဖြစ်သည်။ သူတို့သည် လူမှုရေးဝန်ဆောင်မှုများ ၊ ဘဏ္ဍာရေး ၊ ဥပဒေ နှင့် အစောပိုင်း ကလေးသူငယ်ပညာရေး စသည့်နယ်ပယ်များစွာ၌ ကျွမ်းကျင်သူများဖြစ်သည်။ ၎င်းတို့သည် လစဉ် စတုတ္ထမြောက်အင်္ဂါနေ့ (ဂျူလိုင်လနှင့်ဒီဇင်ဘာလမှ လွဲ၍) တွင်တွေ့ဆုံကြသည်။ ဘုတ်အဖွဲ့ဝင်မဟုတ်သောသူများ သည်လည်း ဘုတ်အဖွဲ့ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် စကားပြောရန် ကြိုဆိုပါသည်။ ၎င်းတို့သည် ပြောဆိုမည့်ခေါင်းစဉ်နှင့် အသေးစိတ်အချက်အလက်များကို လစဉ်အစည်းအဝေးပြုလုပ်သည့် ရက်သတ္တပတ်တနင်္လာမနက်ထက် နောက်မကျဘဲ အမှုဆောင်ဒါရိုက်တာထံသို့ စာဖြင့်ကြိုတင် အသိပေးခွင့်တောင်းရမည်။

အကယ်၍ ပြောဆိုမည့်ခေါင်းစဉ်သည် ပဋိပက္ခနှင့်ပတ်သက်လျှင် ဧည့်သည်များသည် ပဋိပက္ခဖြေရှင်းရေးနည်းလမ်း အတိုင်းလုပ်ဆောင်ပြီး ကြိုတင်၍ ဘုတ်အဖွဲ့သို့လိပ်မူရပါမည်။ ပဋိပက္ခဖြေရှင်းရေးလမ်းစဉ်သည် မိဘပေါ်လစီကောင်စီနှင့် ဘုတ်ဒါရိုက်တာများ အဖွဲ့နှစ်ခုလုံးမှ အတည်ပြုပြီးဖြစ်သည်။ ပဋိပက္ခများကို ကျေနပ်အားရစွာဖြေရှင်းခြင်းသည် အပြုသဘောဆောင်သော ပြောင်းလဲမှုနှင့် နားလည်မှုအတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်။ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ (သို့) ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများ နှင့်ပတ်သက်၍ပိုမိုသိလိုပါက၊ အဖွဲ့အစည်းနှင့် မိဘဆက်ဆံရေးအထူးပြုထံသို့ (၆၁၆) ၄၅၃ - ၄၁၄၅ လိုင်းခွဲ - ၂၀၅ တွင် ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

## လက်ရှိကြီးကြပ်ရေး(ဘုတ်) အဖွဲ့ဝင်များ

- Kristy Greenberg - ဥက္ကဋ္ဌ
- Linda Pickett – ဒု ဥက္ကဋ္ဌ
- Brian Hofstra - ဘဏ္ဍာထိန်း
- Joann Hoganson
- Rudy Gutierrez
- Tammy Smith
- Oogie LaMar
- Lauren Stanton
- Dean Pacific
- Fabiola Tenorio
- Abby Bishop

# အိမ်သို့လာရောက်ခြင်း

ပရိုဂရမ် မန်နေဂျာ: Ebony Gonzalez-Pugh ........................................ ၆၁၆ ၄၅၃-၄၁၄၅၊ လိုင်းခွဲ. ၂၂၅၉
ကြီးကြပ်သူ - Meg Becker ........................................ ၆၁၆-၄၅၃-၄၁၄၅, လိုင်းခွဲ. ၂၂၀၈

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ၊ နို့စို့ကလေးများနှင့် လမ်းလျှောက်ကလေးများ အတွက်အိမ် အရောက် ဝန်ဆောင်မှုပေးခြင်း

ကလေးတစ်ယောက်သည် လသားအရွယ်မှစောစီးစွာ ကြီးထွားခြင်း နှင့် ဖွံ့ဖြိုးတိုးတက်ခြင်းသည် နောက်ပိုင်းတွင် ၎င်းကလေး၏ ကျောင်း နှင့် ဘဝအောင်မြင်ခြင်းကို သတ်မှတ်ပေးသော အရေးပါသော အခန်းကဏ္ဍဖြစ်လာသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ၀-၃ ကလေးများကို

အိမ်အရောက်ဝန်ဆောင်မှုပေးခြင်းပရိုဂရမ်မှ ကလေးများကိုပြုစုပျိုးထောင်ပေးခြင်း တာဝန်ယူဂရုစိုက်ပေးခြင်းစသည့် မိဘနှင့်ကလေး ကျန်းမာသော ဆက်နွယ်မှုကိုမြှင့်တင်ပေး၍ ကျောင်းနှင့်ဘဝတွင်လည်း အကောင်းဆုံးရလဒ်များကို ထွက်ပေါ်လာစေရန် ကူညီပံ့ပိုးပေးသည်။

## ကျောင်းခေါ်ကြိမ်

မိဘများနှင့် ၎င်းတို့၏ ကလေး(များ)သည် အပတ်စဉ် သတ်မှတ်ထားသည့်အချိန်ဇယားအတိုင်း အိမ်၌အဆင်သင့်ရှိနေရန်နှင့်အချိန်မှီရှိနေရန် မျှော်လင့်ပါသည်။ အကယ်၍ မိဘသည် အိမ်သို့လာရောက်ခြင်း အစီအစဉ်အားသတ်မှတ်ထားသည့်နေ့ရက်အတွက် ဖျက်လိုပါက လာရောက်မည့် ဝန်ထမ်းညှိသည်အား စောနိုင်သမျှအစောဆုံးအသိပေးရန် လိုအပ်ပြီး ပျက်ကွက်သွားသည့်နေ့အတွက် အစားထိုးအချိန် ပြန်လည်ပြင်ဆင်ပေးရန်လည်းမျှော်လင့်ပါသည်။

## အိမ်သို့လာရောက်ခြင်း ခံယူချက်အမြင်

အိမ်သို့လာရောက်ခြင်းအစီအစဉ်သည် သတ်မှတ်ချက်များနှင့်ကိုက်ညီပြီးရွေးချယ်ခံရ သောနို့စို့ကလေးများ၊ လမ်းလျှောက်တတ်ကာစကလေးငယ်များ (၁-၃) နှင့် ၎င်းတို့၏မိသားစုများ နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးမဖွားမီနှင့် မီးဖွားအပြီး သင့်တော်သောကြီးထွားမှုနှင့် တိုးတက်မှုရရှိစေရန်၊ ဆက်လက်၍ကလေး၏ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လေ့လာသင်ယူမှုပိုင်းဆိုင်ရာတွင်ထောက်ပံ့ပေးခြင်း၊ အစောပိုင်းကလေးဝန်ဆောင်မှုများ ရနိုင်ရန်နှင့် လူထုအရင်းအမြစ်များ ရနိုင်ရန် ကူညီသည်။ အိမ်သို့လာရောက်သူသည် မိဘများအား ပုံမှန်တိုးတက်ခြင်းဆိုင်ရာ စစ်ဆေးမှုများကို ပြီးမြောက်အောင်ကူညီပြီး မိဘနှင့်အတူ ကလေး၏ လိုအပ်ချက်များ အတိအကျအတိုင်း စီစဉ်လုပ်ဆောင်ပေးရန် ဖြစ်သည်။

### အိမ်သို့လာရောက်သူသည်-

- မိသားစု ၁၀-၁၂ စုအတွက်တာဝန်ယူထားသည်။
- တစ်ပတ်လျှင်တစ်ကြိမ် အနည်းဆုံးမိနစ်၉၀ကြာအိမ်သို့ အချိန်ပေးလာရောက်ပြီး အကယ်၍ပရိုဂမ်မှ ချိန်းချက်သောနေ့ရက်အတွက် ဖျက်သိမ်းပါက ပြန်လည်အစားထိုးပေးသည်။ ကလေးနှစ်ယောက် (သို့) နှစ်ယောက်ထက်ပို၍ စာရင်းသွင်းထားသောမိသားစုများအတွက် ၂နာရီအချိန်ရလိမ့်မည်။
- ကလေး၏ပထမဆုံးဆရာအဖြစ် ကျွမ်းကျင်လာရန်နှင့် အပြန်အလှန်ဆက်ဆံရေး အားကောင်းလာစေရန် မိဘ(များ) အားထောက်ပံ့ပေးသည်။
- မိသားစုလိုအပ်ချက်များပြည့်မီရန်-
    - ကျန်းမာရေး လိုအပ်ချက်များ/ပူပန်မှုများကို ဆွေးနွေးခြင်း
    - တစ်လလျှင်နှစ်ကြိမ် လူမှုပေါင်းသင်းဆက်ဆံရေးများ စီစဉ်ပေးခြင်းနှင့်လစဉ်မိသားစု နှီးနှောဖလှယ်ပွဲများ စီစဉ်ပေးခြင်း
    - ရပ်ရွာသတင်းအချက်အလက်များပံ့ပိုးပေးခြင်း
    - အိမ်သို့လာရောက်ခြင်းအစီအစဉ် တစ်ခုစီတိုင်းတွင် မိဘ(များ)၏ သဘောထားအမြင်များအပေါ် အခြေခံ၍ ပံ့ပိုးစီစဉ်ပေးခြင်း
    - ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များနှင့် ၎င်းတို့ကလေး စိတ်ဝင်စားသည့်အရာများနှင့် လိုအပ်ချက်များကို မည့်သို့ ဂရုပြုရမည်ကို သင်ပြပေးခြင်း

## လူမှုပေါင်းသင်းဆက်ဆံရေး

အပတ်စဉ်အိမ်သို့လာခြင်းအပြင် အိမ်လည်ပတ်ခြင်းပရိုဂရမ်မှ စာရင်းသွင်းထားသော ကလေးများနှင့် ၎င်းတို့၏ မိဘ(များ)/အုပ်ထိန်းသူ(များ)အတွက် လူမှုပေါင်းသင်းဆက်ဆံရေး အတွေ့အကြုံများ (ကစားအဖွဲ့များ) လုပ်ဆောင်ပေးသည်။ အုပ်စုလိုက်တွေ့ဆုံခြင်းသည် မိဘများနှင့်ကလေးများ အတူတကွ ပျော်ရွှင်ခြင်းအတွေ့အကြုံကိုရစေပြီး မိဘများသည် ၎င်းတို့၏ကလေးများ အခြားကလေးများ၊ လူကြီးများနှင့် ပေါင်းသင်းဆက်ဆံရေးအတွက် ထောက်ပံ့ပေးရန် အခွင့်အလမ်းရှိစေသည့်အပြင် မိဘများသည် ၎င်းတို့၏ ပျော်ရွှင်စရာများနှင့် မိဘဘဝစိန်ခေါ်မှုအတွေ့အကြုံများကို အခြားသူများနှင့် ဝေမျှနိုင်သည်။ Sylvan Head Start ရှိ လူမှုပေါင်းသင်းဆက်ဆံရေးအခန်း (SocializationRoom) တွင် လူမှုပေါင်းသင်းဆက်ဆံရေးအတွေ့အကြုံများ ၂၂ ခုကို ကျွန်ုပ်တို့၏ မိသားစုများအတွက် ကျင်းပပေးသည်။ ဤလှုပ်ရှားမှုများသည် မိဘနှင့်အိမ်သို့လာရောက်သူတို့ပူးပေါင်းပြီး ကလေး၏ ဖွံ့ဖြိုးတိုးတက်ခြင်း လိုအပ်မှု နှင့် မိဘ၏ စိတ်ဝင်စားမှုအပေါ်အခြေခံ၍ လုပ်ဆောင်သည်။ လူမှုပေါင်းသင်းတွေ့ဆုံမှုတစ်ခုစီတွင် သွားရေစာ စီစဉ်ပေးပါသည်။

# ကိုယ်ဝန်ဆောင်မိခင်ရှိ မိသားစုအတွက် ဝန်ဆောင်မှုများ

ကျန်းမာသည့်ကိုယ်ဝန်ဆောင်ခြင်းသည် ကလေး၏ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုအပေါ် တိုက်ရိုက် သက်ဆိုင်သည်။ ကိုယ်ဝန်ဆောင်ကာလသည် ကလေး၏ ကျန်းမာဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ရေရှည်အကျိုးတက်ရောက်မှု ရှိသည်။ HS4KCဝန်ထမ်းသည် အိမ်သို့ အပတ်စဉ်လာရောက်ပြီး၊ အေဂျင်စီသူနာပြုမှ တပတ်ခြားစီ လာမည်ဖြစ်သည်။ လည်ပတ်မှုတစ်ခုနှင့် တစ်ခုကြားတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး မိသားစု၏ လိုအပ်ချက်ပေါ်မူတည်ပြီး ဖုန်းဖြင့်ဆက်သွယ်နိုင်ပါ သည်။

## ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ဝန်ဆောင်မှုများ

- မီးဖွားဆရာဝန်နှင့်သွားဆရာဝန်များ ချိန်းဆိုချက်များကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ အရင်းအမြစ်များကို ရယူပေးခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် လမ်းညွှန်မှုများကို လိုအပ်သလို ဆောင်ရွက်ပေးခြင်း။
- သန္ဓေသားဖွံ့ဖြိုးမှု၊ ကိုယ်ဝန်ဆောင်ခြင်းနှင့်မီးဖွားခြင်း၊ မီးဖွားပြီးချိန်ဖြစ်တတ်သောစိတ်ခံစားမှုများ အတွက် ဂရုစိုက်ပေးခြင်း၊ ရုတ်တရက်ကလေးသေဆုံးမှုအဖြစ်အပျက်မှ ကြိုတင်ကာကွယ်ခြင်း (SIDS Prevention) ၊ဆေးဝါးများကို အလွဲသုံးစွဲမှု၊ တားဆေးနှင့် ကလေးထိန်း စသည်တို့နှင့်ပတ်သက်၍ အချိန်နှင့် တပြေးညီ သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်း။
- စိတ်ကျန်းမာရေးပြဿနာများကို ပုံမှန်ပြန်လည် သုံးသပ်ပေးခြင်း။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် လိုအပ်သောအဖွဲ့အစည်းအရင်းအမြစ်များ(အဝတ်အစား၊ အစားအစာ၊ အိမ်ရာ စသည်တို့...) ရနိုင်ရန်သေချာစေခြင်း။
- မိခင်နို့တိုက်ကျွေးခြင်းနှင့်အဟာရဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း။
- လုပ်ငန်းခွင်/ကျောင်း ပြန်သွားရန် ပြင်ဆင်ရာတွင် လိုအပ်သောသတင်းအချက်အလက်များကို သင့်လျော်သလိုပံ့ပိုးပေးခြင်း။

ပရိုဂမ် မန်နေဂျာ - Nicole Choice............................................................................................................ ၆၁၆-၄၁၅၃-၄၁၄၅၊ လိုင်းခွဲ - ၂၆၆

ကလေး၏ ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးရာ၊ နှင့် တွေးခေါ်မှုဆိုင်ရာ အားလုံးတွင် တစ်ဦးချင်း လိုအပ်ချက်များအတိုင်း သင့်လျော်သော ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် သင်ပြပေးသည်။

# အပြုအမူပိုင်းဆိုင်ရာ လမ်းညွှန်မှု ပေါ်လစီ

Kent County အတွက် Heart Start တွင် သင့်ကလေး၏ လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်ပြီး၊ အားပေးကူညီတတ်သော ပတ်ဝန်းကျင်များ ဖန်တီးရန် ကျွန်ုပ်တို့ ဝန်ခံကတိပြုပါသည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်မှုမှာ အပြုသဘောဆောင်သော ဆက်ဆံရေးများ တည်ဆောက်ခြင်းအပေါ် ဗဟိုပြုပြီး၊ ကလေးများအားလုံးအတွက် လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးစေရန် ပြုစုပျိုးထောင်ပေးခြင်းတွင် ထိရောက်သော သင်ကြားလေ့ကျင့်မှုများ ဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားသော Pyramid Model- a program-wide ဖွဲ့စည်းပုံစံ နည်းလမ်းကို အသုံးပြုပါသည်။

အကယ်၍ ကလေးသည် တစ်ပါးသူအပေါ်၊ သူ သို့မဟုတ် သူမကိုယ်ကို ထိခိုက်စေသည့် အပြုအမူများ ပြုမူပါက ဝန်ထမ်းများမှ ကြားဝင်ကိုင်တွယ်မည် ဖြစ်သည်။ အကယ်၍ ကလေး၏ အပြုအမူသည် စိတ်ချရခြင်းမရှိပါက ကလေးနှင့် စာသင်ခန်း၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်စေရန် ဝန်ထမ်းမှ မိသားစုနှင့် အစီအစဉ်ချမှတ်ရန် တွေ့ဆုံမည်ဖြစ်သည်။ ကလေးများသည် စိန်ခေါ်မှုရှိသော အပြုအမူ၊ ကြီးထွားဖွံ့ဖြိုးမှု နှောင့်နှေးခြင်း သို့မဟုတ် မသန်စွမ်းသူဖြစ်ခြင်း စသည်တို့အပေါ် အခြေခံ၍ ကျောင်းမှ ထုတ်ပယ်မည် မဟုတ်ပါ။ HS4KC သည် ကလေးများ၏ လိုအပ်ချက်များ ပြည့်မီဖို့သေချာစေရန် မိဘများ/အုပ်ထိန်းသူများ၊ ဒေသခံ ပညာရေးအေဂျင်စီများနှင့် ကွန်မြူနတီ အပြင်ဘက်ရှိ အရင်းအမြစ်များနှင့် လက်တွဲလုပ်ဆောင်သည်။ စိတ်ကျန်းမာရေး အတိုင်ပင်ခံမှ အကြံပြုချက်ဖြင့် ကြားဝင်ထောက်ပံ့ပေးသူမှ သက်သာစေခြင်း သို့မဟုတ် ဖယ်ထုတ်ခြင်း မပြုလုပ်သည့်၊ ဘေးကင်းလုံခြုံရေးအတွက် ပြင်းထန်သော ခြိမ်းခြောက်မှုများ ကြုံရသည့်အခြေအနေများတွင် ပရိုဂမ်သည် မိသားစုနှင့် ပူးပေါင်း၍ အခြားရွေးချယ်စရာ ပရိုဂမ်ပုံစံများမှတဆင့် တစ်ဦးချင်းဝန်ဆောင်မှုကို ပံ့ပိုးပေးနိုင်ပါသည်။

# ပရမစ်ပုံစံ လေ့ကျင့်မှုများ

Kent County အတွက် Head Start မှ ကလေးသူငယ် လမ်းညွှန်မှုနှင့် စည်းကမ်းနည်းလမ်းများသည် အောက်ပါ အချက်များပေါ်တွင် အခြေခံသည်-

**မျှော်မှန်းချက်များ ဝေမျှခြင်း-** HS4KC တွင် အေဂျင်စီတစ်ခုလုံးရှိ ကျောင်းသားများနှင့် ဝန်ထမ်းများအားလုံးအတွက် ရှင်းလင်းပြတ်သားသော အမူအကျင့်ဆိုင်ရာ မျှော်မှန်းချက်များ ရှိသည်။ ကျောင်းသားများနှင့် ဝန်ထမ်းများသည် ၎င်းတို့၏နေရာ သို့မဟုတ် ABC၏ နေရာကို ကြင်နာစွာပြုမူခြင်း၊ လုံခြုံစေခြင်း၊ ဂရုစိုက်ခြင်းများရှိရန် အမြဲတမ်း မျှော်လင့်ပါသည်။

**အပြုသဘောဆောင်သော လမ်းညွှန်မှု နည်းလမ်းများ-** ကျွန်ုပ်တို့၏ဝန်ထမ်းများသည် ကျိုးကြောင်းဆီလျော်သော အဖြစ်အပျက်များ၊ ပြန်လည်တည့်မတ်ခြင်းနှင့် ပြဿနာကို ကြိုတင် ကိုင်တွယ် ဖြေရှင်းခြင်းကဲ့သို့သော အပြုသဘောဆောင်သော နည်းလမ်းများကို အသုံးပြုပါသည်။ ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် အရှက်ရစေခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိတ်လန့်ဖွယ်ရာ သို့မဟုတ် အရှက်ကိုအခြေခံသည့် စည်းကမ်းနည်းလမ်းများကို အသုံးပြုခြင်းအား တင်းကြပ်စွာတားမြစ်ထားသည်။

**မိသားစုထိတွေ့ဆက်ဆံမှု-** ဝန်ထမ်းများသည် မိသားစုများနှင့် လက်တွဲလုပ်ဆောင်ခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုသည်။ ကလေးတစ်ဦးသည် အပြုအမူဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရပါက HS4KC သည် ပြဿနာရှိသောအပြုအမူများကို လျှော့ချနေစဉ် လူမှုဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်များကို သင်ကြားပို့ချပေးသည့်အစီအစဉ်ကို အကောင်အထည်ဖော်ရန် ပြုစုစောင့်ရှောက်ပေးသူများနှင့်အတူ လက်တွဲလုပ်ဆောင်မည် ဖြစ်သည်။

**စဉ်ဆက်မပြတ် တိုးတက်မှု-** ဝန်ထမ်းများသည် လူမှုဆက်ဆံရေး-စိတ်ခံစားမှုဆိုင်ရာ သင်ယူမှုကို ပံ့ပိုးရန်နှင့် အပြုသဘောဆောင်သော ကျောင်းသားများ၏ အပြုအမူများကို မြှင့်တင်ရန် နည်းလမ်းအသစ်များကို စဉ်ဆက်မပြတ် တိုးတက်ခြင်းနှင့် အသစ်သော နည်းလမ်းများဖြင့် သင်ယူလျှက်ရှိသည်။ HS4KC သည် စဉ်ဆက်မပြတ်သော လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ အချက်အလက်များကို အသုံးပြု၍ လက်ရှိနည်းဗျူဟာများကို စောင့်ကြည့်ခြင်းနှင့် တိုးမြှင့်ခြင်းကို ကလေးများအားလုံး သာတူညီမျှသောစောင့်ရှောက်မှုရရှိခြင်းငှါ သေချာစေရန် လုပ်ဆောင်လျှက်ရှိပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကဲဖြတ်စစ်ဆေး ပြုစုခြင်း

ကလေးတစ်ဦးစီ၏ မိဘနှင့် မိဘများ ပူးပေါင်း သဘောတူညီချက်ဖြင့် HS4KC သည် ကလေး၏ ဖွံ့ဖြိုးမှု၊ အပြုအမူ၊ ကြံ့ခိုင်မှု၊ ဘာသာစကား၊ လူမှုရေးရာ၊ သိမြင်မှုဆိုင်ရာ နှင့် စိတ်ခံစားမှုဆိုင်ရာ ပေါ်တွင် အခြေခံ၍ အကဲဖြတ်ပေးသော အသက်နှင့် ဖြစ်စဉ်အဆင့် မေးခွန်းလွှာ (ASQ-3) ကို အသုံးပြု၍ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စစ်ဆေးမှုကို လုပ်ဆောင်သည်။ သင့်ကလေးသည် ကျွန်ုပ်တို့၏ ပရိုဂမ်ကို စတက်ပြီး ၄၅ရက်အတွင်းတွင် အသက်အရွယ်နှင့်အဆင့်အလိုက် ဖွံ့ဖြိုးတိုးတတ်မှု မေးခွန်းလွှာ(ASQ)ကို ပြီးမြောက်ရပါမည်။ ။ သင့်ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးမည့် ဆရာများတွင် နောက်ဆုံးရ သတင်းအချက်အလက်များ ရှိခြင်းကို သေချာစေရန် အိမ်သို့လာရောက်ခြင်း orientation မိတ်ဆက်အစီအစဉ်တွင် ASQ မေးခွန်းလွှာကို ပြီးမြောက်ရန် သင်မျှော်လင့်နိုင်ပါသည်။

ကလေးသူငယ်တိုးတတ်မှု ညဏ်ရည်စစ်တမ်း Devereux Early Childhood Assessment (DECA)ကိုလည်း သင့်ကလေးကျောင်းတတ်ပြီး လေးပတ်ပြည့်လျှင် သင့်ကလေး၏ ဆရာမမှ ပြုလုပ်ပေးမည်ဖြစ်ပြီး၊ ကျောင်းပိတ်ခါနီးနွေဦးချိန်တွင်လည်း ပြန်လည်ပြုလုပ်ပါမည်။ ဤစစ်တမ်း အားဖြင့် သင့်ကလေး၏လူမှုပေါင်းသင်းရေးတိုးတတ်မှုနှင့်ဖွံ့ဖြိုးမှုကို တိုင်းတာပေးပါလိမ့်မည်။ ဆရာမများမှ ဤစစ်တမ်း DECA မှ နည်းဗျူဟာများကို ဆောင်းဦး နှင့် နွေဦးချိန်တွင် ဝေမျှမည်ဖြစ်ပြီး သင့်ကလေး၏ လူမှုပေါင်းသင်း ဆက်ဆံရေးဆိုင်ရာတွင် ဆက်လက် တိုးတတ်ကြီးထွားရေးမှုရှိစေရန် ကူညီပံ့ပိုးမည် ဖြစ်သည်။ ဤစစ်တမ်းဖောင်များကို မိသားစုများနှင့်အတူ ဖြည့်စွပ်ပြီးနောက် စိုးရိမ်စရာများတွေ့ရှိပါက စပါယ်ရှယ်လစ်များမှ အတန်းဆရာမများ နှင့် အိမ်သို့ လာရောက်သော ဆရာမများ နှင့် ပူးပေါင်း၍ ကလေးတစ်ယောက်စီ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးမည် ဖြစ်သည်။

ဤစစ်ဆေးမှုများအပေါ်အခြေခံ၍ နောက်ထပ်အကဲဖြတ်မှုများကို လိုအပ်သလို ပြုလုပ်ရန် မိဘ၏ အတည်ပြုချက်နှင့်အတူ ဒေသဆိုင်ရာပညာရေးအေဂျင်စီ (LEA) သို့မဟုတ် အခြားကျွမ်းကျင်သူများထံသို့ လွှဲပြောင်းပေးမည် ဖြစ်သည်။ HS4KC ဝန်ထမ်းများမှလည်း Early On ဝန်ဆောင်မှုများအတွက် စံနှုန်းပြည့်မှီသော အသက် ၀-၃ ကလေးများကို အကဲဖြတ်စစ်ဆေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း နှင့် ပူးပေါင်းပံ့ပိုးပေးခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။

## ပါဝင်စေခြင်း-ဘာကိုဆိုလိုပါသလဲ

ကန့်သတ်မှု အနည်းဆုံး ပတ်ဝန်းကျင် (LRE)သည် ကလေးတစ်ယောက်စီအတွက် ကွဲပြားမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အတွက် သင်ယူရန်၊ ကြီးထွားရန် နှင့်ကစားရန် အလွတ်လပ်ဆုံးသော နေရာအဖြစ် ဖန်တီးပေးထားခြင်းကြောင့်ဖြစ်သည်။ မသန်မစွမ်းကလေးများအဖို့ Kent County အတွက် Head Start စာသင်ခန်းများတွင် ၎င်းတို့လိုအပ်သော ဝန်ဆောင်မှုများနှင့် တစ်ဦးချင်းစီအတွက် ပညာရေးအစီအစဉ် (IEP) သို့မဟုတ် တစ်ဦးချင်း မိသားစုဝန်ဆောင်မှုအစီအစဉ် (IFSP) ကို ရနိုင်မည့်နေရာအဖြစ် တတ်နိုင်သရွေ့ ထည့်သွင်းပေးသည်။ ဤကလေးများသည် ပုံမှန်ဖွံ့ဖြိုးကြီးထွားမှုရှိသော ၎င်းတို့ရွယ်တူများ နှင့်အတူ သင်ယူခွင့်နှင့် ကစားခွင့်ကို LRE မှ တတ်နိုင်သရွေ့ အစွမ်းကုန် လုပ်ဆောင်ပေးပါသည်။ ထို့အပြင် ကလေးများသည် စာသင်ခန်း၌ ၎င်းတို့ ရွယ်သူစံပြအတန်းဖော်ရှိခြင်း နှင့် ရွယ်တူအချင်းချင်း လက်ခံခြင်း ကောင်းကျိုးကိုလည်း ရနိုင်သည်။ ဖြစ်နိုင်လျှင် LEA သည် ကလေး၏ IEP/IFSP ကို စာသင်ခန်းအတွင်း ဝန်ဆောင်မှုများပေးခြင်းနှင့် ကလေး၏လိုအပ်ချက်များကို ပံ့ပိုးပေးရန်အတွက် ဆရာများနှင့် ညှိနှိုင်းလုပ်ဆောင်ပါမည်။ အထူးဂရုစိုက်ရန် လိုအပ်မှုရှိသော ကလေးများ၏ မိဘများသည် ၎င်းတို့ကလေး၏ တနေ့တာ လုပ်ရှားမှုမှတ်တမ်းကို အချိန်မရွေး တောင်းခံနိုင်ပါသည်။

# မသန်စွမ်းသူများပညာရေးဥပဒေ (IDEA) နှင့်အညီ မသန်စွမ်းသူများ၏ မိဘများ ရသင့်သော ဝန်ဆောင်မှု အခွင့်အရေးများ

## သင့်မှာ အခွင့်အရေးရှိသည်-

- သင့်ကလေးအားအကဲဖြတ်ရန် အေဂျင်စီအထူးကုအား ခွင့်ပြုစာပေးရန်(သို့) မပေးရန်။
- အထူးကုနှင့်တွေ့ဆုံပြီး သင်၏တွေ့ရှိချက်အမြင်နှင့် အခြားသော သင့်ကလေးအတွက် အရေးကြီးသည်ဟု သင်ယုံကြည်သော အချက်အလက်များကို ဝေမျှခြင်း။
- သင်၏ကလေးကို အခြားအပြင်အေဂျင်စီများ/LEAs ဖြင့် အကဲဖြတ်စစ်ဆေးမှုကို ခံယူစေပြီး သင်၏တွေ့ရှိချက် အမြင်နှင့် အခြားသောသတင်းအချက်အလက်များကို HS4KC ဝန်ထမ်းများနှင့် ဝေမျှရန်။
- သင့်အားကူညီရန် တစ်စုံတစ်ယောက်အား အစည်းအဝေးသို့ခေါ်ဆောင်လာခြင်း။
- သင့်လျော်သောအချိန်ကာလတွင် သင့်ကလေးအတွက် အကဲဖြတ်ခြင်းစစ်ဆေးခြင်းနှင့် LEA၏ တိုးတက်ဖွံ့ဖြိုးရေး အစီအစဉ်ကို ခံယူရရှိရန်။
- သင့်ကလေးအတွက် တိုးတက်ဖွံ့ဖြိုးမှုအစီအစဉ် မိတ္တူကို လက်ခံရရှိရန်။
- အစီအစဉ်၏ မည်သည့်အပိုင်းကဏ္ဍမဆို ငြင်းဆိုရန်အခွင့်။

## သင်၌တာဝန်ရှိသည်-

- သင့်ကလေး၏ ဝန်ဆောင်မှုနှင့်သက်ဆိုင်သော အစည်းအဝေးအားလုံး တက်ရောက်ရန်။
- ဘာပြောသွားသည် (သို့) ဘာလုပ်သွားသည်ဟူ၍ သင်နားမလည်သည့် မည်သည့်အချိန်မဆို (သို့) သင့်ကလေး၏ အပြုအမူ (သို့) လေ့လာသင်ယူမှုနှင့် ပတ်သက်၍ သိချင်သော် သင်သည် အချိန်မရွေး မေးခွန်းများကို မေးရန်။
- သင့်ကလေး၏ ကျောင်းပညာရေးအပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်သော သင့်ကလေးနှင့်ပတ်သက်၍ သင်၏ တွေ့ရှိချက်/အမြင်များနှင့် မိသားစုအတွင်း အပြောင်းအလဲများသော်ငြင်း ဝေမျှရန်။
- အစီအစဉ်အတိုင်း လှုပ်ရှားမှုများကိုပြုလုပ်ရန်နှင့် ထိုကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ရရှိသော အကျိုးသက်ရောက်မှုများကို ဝေမျှရန်။

# မိဘ၊ မိသားစုနှင့် ရပ်ရွာနှီးနှောဖလှယ်ပွဲ (PFCE)

ပရိုဂမ် မန်နေဂျာ - John Robinson.......................................................... ၆၁၆-၄၅၃-၄၁၄၅၊ လိုင်းခွဲ-၂၂၉၀

မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ဆက်ဆံရေးကို တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့အေဂျင်စီမှ ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ ပန်းတိုင်နှင့်အညီ "မိဘများသည် ပါဝင်သူ မှုတဆင့် လက်တွဲလုပ်ဆောင်သူများ" ဖြစ်လာရန် စဉ်ဆက်မပျက် ကြိုးပမ်းလျက်ရှိသည်။ ဤကဲ့သို့ဖြစ်လာပါက မိသားစုများ နေထိုင်မှု၊ မိဘနှင့် ကလေးဆက်ဆံရေးနှင့် မိသားစုများကို အားပေးပံ့ပိုးသူများနှင့် ခေါင်းဆောင်များ ဖြစ်လာခြင်း စသည်တို့ တိုးတက်လာခြင်း အကျိုးကျေးဇူးများ မြင်လာရမည် ဖြစ်သည်။ ဤအရာများအားလုံး စုပေါင်းခြင်းအားဖြင့် သန်မာခြင်း၊ ကျန်းမာခြင်း၊ ခိုင်ခံ့စွာတည်ဆောက်ထားသော မိသားစုများ ဖြစ်လာစေခြင်း စသည့် မိဘများနှင့်ကလေးများ နှစ်ဖက်လုံးအား ကျောင်းပညာရေးနှင့် ဘဝအောင်မြင်ရေးအတွက် ထောက်ပံ့ပေးသည့် အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသည်။

## မိဘများနှင့် မိသားစုများ

ကျွန်ုပ်တို့ဝန်ထမ်းများသည် မိဘများ၊ မိသားစုများနှင့် ရည်ရွယ်ချက်ရှိစွာဖြင့် ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ရင်းနှီးမှုများယူခြင်းအားဖြင့် မိသားစုအားသာချက်များနှင့် ရည်မှန်းချက်များတည်ဆောက်နိုင်ရန် အခြေခံ ယုံကြည်မှုအုတ်မြစ်ကို ဖန်တီးသည်။ တစ်ဦးချင်းစီ၏ လိုအပ်မှုများနှင့် ဝန်ဆောင်မှုများကိုလည်း ဖော်ထုတ် ပေးပါသည်။ ကလေးများ၏ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိဘဆရာတွေ့ဆုံပွဲများ၊ အိမ်သို့လာရောက်ခြင်း များ၊ စေတနာ့ဝန်ထမ်းမိဘများ၊ မိဘမူဝါဒ ကောင်စီကဲ့သို့သော ဦးဆောင်မှုပိုင်းတွင်ရှိသော မိဘများနှင့် Parent caféကဲ့သို့ ခေါင်းဆောင်ကဏ္ဍများမှ ပြုစုပျိုးထောင်ပေးသည်။ ကျွန်ုပ်တို့၌ မိသားစုများ၏ တစ်နှစ်ပတ်လုံး အတွက် လိုအပ်ချက်များနှင့် ပန်းတိုင်များသို့ရောက်နိုင်ရန် ရပ်ရွာအဖွဲ့အစည်း အရင်းအမြစ်များနှင့် ဆက်သွယ် ပေးသော ဝန်ထမ်းများရှိသည်။ သင်၏လိုအပ်ချက်များ၊ ရည်မှန်းချက်များနှင့် ပတ်သက်၍ သင်၏အိမ်သို့လာ ရောက်သူ(သို့) သင့်ကလေး၏ဆရာမအား ဆက်သွယ်ပါ။ ထိုအခါ ကျွန်ုပ်တို့သည် သင်၏ အနေအထားနှင့် ကိုက်ညီသော အကောင်းဆုံးသော ဝန်ထမ်းနှင့် သင့်ကိုတွဲပေးနိုင်မည်ဖြစ်ပြီး ရပ်ရွာအဖွဲ့အစည်း အရင်းအမြစ်များနှင့်လည်း ဆက်သွယ်ပေးနိုင်မည်ဖြစ်သည်။

## ကျောင်းဖွင့်ပွဲ

ကျောင်းခွဲများ၏ကျောင်းဖွင့်ပွဲရည်ရွယ်ချက်မှာ မိဘနှင့်ကလေးများအားကျောင်း၏ တည်နေရာနှင့် ဝန်ထမ်းများ အား ရင်းနှီးမှုရှိလာစေရန် အချိန်ပေးခြင်းဖြစ်ပြီး HS4KCမှ ပေးသော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မိသားစု များအတွက်တန်ဖိုးရှိသောအချက်အလက်များကိုလည်း ပေးရန်ဖြစ်သည်။ စာသင်နှစ်အစတွင် ကျောင်းခွဲ (site) တစ်ခုစီအလိုက် ကျောင်းဖွင့်ပွဲအစီအစဉ်များ ရှိပါသည်။

# မိသားစုတွေ့ဆုံပွဲများ

မိသားစုပူးပေါင်းတွေ့ဆုံပွဲများကို ကျောင်းခွဲအသီးသီးနှင့် အိမ်လည်သင်ကြားခြင်းတို့မှ အစီအစဉ်ဆွဲ၍ လစဉ်ကျင်းပပါသည်။ ဤတွေ့ဆုံမှုများတွင် မိသားစုများသည် အခြားမိသားစုများနှင့် တတ်နိုင်သမျှ တွေ့ဆုံရင်းနှီးခွင့်ကို ရရှိကြပါသည်။ ထို့အပြင် ဤတွေ့ဆုံခြင်းများမှ ဆိုဒ်(site)တွင်း လှုပ်ရှားမှုများ၏ အသံကို ရနိုင်သည့် အခွင့်အရေး ရှိသည့်အပြင် မိသားစု၏ လိုအပ်ချက်များနှင့် ပန်းတိုင်များအတွက် အရင်းအမြစ်များကိုလည်း ပိုမိုရှာဖွေတွေ့ရှိစေသည်။

# စေတနာ့ဝန်ထမ်း

## စေတနာ့ဝန်ထမ်း အခွင့်အလမ်းများ

မိဘများ၊ ကွန်မြူနတီအဖွဲ့ဝင်များနှင့် မိသားစုများသည်လည်း စေတနာ့ဝန်ထမ်း အစီစဉ်အားဖြင့် ကျွန်ုပ်တို့နှင့် လုပ်တွဲခွင့်ရှိပါသည်။ စေတနာ့ဝန်ထမ်း အခွင့်အလမ်းများသည် လက်ရှိအခြေအနေနှင့် လိုအပ်ချက်များအပေါ် မူတည်ပြီး လူကိုယ်တိုင်လာရောက်လုပ်အားပေးခြင်းသော်ငင်း၊ လိုင်းပေါ် (virtual) တွင်လည်းကောင်း ပြုလုပ်မည် ဖြစ်သည်။ စေတနာ့ဝန်ထမ်းများသည် ပုံပြင်များဖတ်ပြခြင်း၊ အတန်းထဲတွင် ကူညီပေးခြင်း၊ အစားအစာ ကူညီပြင်ဆင်ပေးခြင်း၊

ဘတ်စ်ကားတွင်လိုက်ပါကူပေးခြင်း၊ အကြံပေးကော်မတီအဖွဲ့တွင် ပါဝင်ခြင်း သို့မဟုတ် D.O.G.S ပရိုဂရမ်တွင် ပါဝင်ပေးခြင်း စသည့် နည်းလမ်းအမျိုးမျိုးအားဖြင့် ပါဝင်ကူညီပေးနိုင်ပါသည်။ အကယ်၍ သင့်အနေဖြင့် စေတနာ့ဝန်ထမ်း ပြုလုပ်ရန် သို့မဟုတ် ပြုလုပ်လိုသည့် တစ်စုံတစ်ယောက်အား သိရှိပါက သင့်ကျောင်းဆိုဒ်(site)မှ ဝန်ထမ်းအား လက်ရှိ အခွင့်အလမ်းများအတွက် ကျေးဇူးပြု၍ ဆက်သွယ်မေးမြန်းပေးပါ။

HS4KCသည် စေတနာ့ဝန်ထမ်းများအား တန်ဖိုးထားပြီး ၎င်းတို့ကို တတ်နိုင်သမျှ အပြည့်အဝ အသုံးပြုပါသည်။ စေတနာ့ဝန်ထမ်းများအား ဘယ်သောအခါမျှ ကလေးများနှင့် ဒီအတိုင်းလွှတ်မထားဘဲ အမြဲကြီးကြပ်စောင့်ကြည့်ပါသည်။

## စေတနာ့ဝန်ထမ်း ပြဋ္ဌာန်းချက်များ

ဆိုဒ်(site)တွင် လုပ်အားပေးသည့်သူများ၊ စာသင်ခန်းများတွင် လုပ်အားပေးသူများ (သို့မဟုတ်) လူမှု တွေ့ဆုံပွဲတွင် လုပ်အားပေးသူ စေတနာ့ဝန်ထမ်းများအားလုံးသည် လုပ်အားပေး မှတ်တမ်းစာရွက်ပေါ်တွင် အဝင်/အထွက် လက်မှတ်ထိုးပေးရမည် ဖြစ်သည်။

ကလေးငယ်များအားလုံးအတွက် ဘေးကင်းပြီးလုံခြုံသော ပတ်ဝန်းကျင်ဖြစ်စေရန် HS4KCသည် မိဘမဟုတ်သော စေတနာ့ဝန်ထမ်းများ၏ နောက်ကြောင်းရာဇဝင်ကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ အကယ်၍ စေတနာ့ဝန်ထမ်းများ သို့မဟုတ် မိဘများမှ မည်သည့် ပရိုဂမ်လှုပ်ရှားမှု အစီအစဉ်တွင်းတွင်မဆို ၎င်းတို့ကလေးများ၏ ဓါတ်ပုံများ/ဗွီဒီယိုများ ရိုက်လိုပါက မိဘခွင့်ပြုစာ မပါသော အခြားကလေးများ၏ ဓါတ်ပုံများ ပါဝင်ခွင့်ရှိမည် မဟုတ်ပါ။

HS4KCတည်နေရာများတွင် လုပ်အားပေးသော စေတနာ့ဝန်ထမ်းများအားလုံးသည် ကျွန်ုပ်တို့၏ လက်ရှိ ကျန်းမာရေးနှင့် လုံခြုံရေး ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို လိုက်နာရမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများသည် အကယ်၍ နေထိုင်မကောင်းဖြစ်ပါက လာခွင့်မရှိပါ။

စေတနာ့ဝန်ထမ်းများအားလုံးသည် ကလေးများအတွက် လုပ်အားပေးမစတင်မီ လိင်မှုကိစ္စ ပြစ်မှုကျူးလွန်ခြင်း ကင်းရှင်းကြောင်း တရားဝင်မှတ်ပုံတင်စာ (PSOR) ရှိရမည်ဖြစ်သည်။

# ကျောင်းခေါ် ကြိမ် မူဝါဒ

## မူကြိုကျောင်း

မူကြိုကျောင်းပုံမှန်တက်ခြင်းသည် များစွာအကျိုးကျေးဇူးရှိစေသည်။ ကျောင်းပုံမှန်တက်သည့် ကလေးများသည် စာစီးစွာ စာဖတ်စွမ်းရည်ဖွံ့ဖြိုးရန် အလားအလာရှိပြီး သူငယ်တန်းတက်ဖို့ရန်လည်း အဆင်သင့်ဖြစ်နေစေသည်။ သူတို့သည် တတိယတန်း၌ပင်လျှင် စာဖတ်နိုင်ကြပြီး အထက်တန်းကျောင်းကို ပြီးစီးအောင်မြင်ကြသည်။ မူကြို ကျောင်း၌ ပုံမှန်တိုးတက်မှုရှိသွားသော အလေ့အထသည် ၎င်းတို့၏ကျောင်းတက်သည့် သက်တမ်းတစ်လျှောက် အလေ့အကျင့်ဖြစ်သွားနိုင်ခြေရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကလေးများကျောင်းပျက်ကွက်ပါက (နောက်ကျခြင်း ၊ စောစောပြန်ခြင်း၊ နေ့လည်ပိုင်းပျက်ကွက်ခြင်း၊ လုံးဝပျက်ကွက်ခြင်း)၎င်းတို့သည် ကျွန်ုပ်တို့ ပရိုဂရမ်၏ အကျိုးကျေးဇူးများကို အပြည့်အဝမရနိုင်ပါ။ အကြောင်းပြချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပျက်ကွက်မှုအလွန်များခြင်းသည် ကလေးများ၏ ကျောင်းပညာနှင့် ဘဝအောင်မြင်ရေးကို အဆီးအတားဖြစ်စေသည်။

အချိန်မည်မျှပျက်ကွက်ခြင်းကို ပျက်ကွက်မှု အလွန်များသည်ဟု ဆိုလိုသနည်း။ Attendance-Works.org မှ လေ့လာချက်အရ ကျောင်းတက်နှစ်တစ်နှစ်ပတ်လုံး၏ ၁၀% (ဤတွင်တစ်လလျှင်၂ ရက်ပျက်ကွက်ခြင်း) အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခြင်းသည် ကလေးအား ကောင်းမွန်စွာလုပ်နိုင်ရန် တားဆီးမှုဖြစ်စေသည်။

ထိုကြောင့် ကျောင်းတက်နှစ် တစ်နှစ်ပတ်လုံးတွင် ငါးကြိမ်အောက်သာ ပျက်ကွက်ရန် မိဘများ/ အုပ်ထိန်းသူများ အနေဖြင့် ကြိုးစားပေးကြပါရန် ကျွန်ုပ်တို့ တိုက်တွန်းချင်ပါသည်။ ကျွန်ုပ်တို့သည် သတင်းအချက်အလက်များ စောင့်ကြည့်ခြင်း၊ ကျောင်းခေါ် ကြိမ်မှန်ရန် အားပေးခြင်း၊ ကျောင်းပျက်ကွက်စေသော အဟန့်အတားများကို ဖော်ထုတ်စစ်ဆေးခြင်းများကို မိသားစုများနှင့် ပူးပေါင်းလုပ်ဆောင်ပါသည်။

HS4KCသည် ကျောင်းအပြည့်အဝတက်ရန် အပ်နှံထားခြင်းကို ဆက်လက် ထိန်းသိမ်းဖို့ရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ မိဘများသည် ကလေးများအား ကျောင်းပုံမှန်ပို့ပေးရန်၊ ကျောင်းသို့အချိန်မှီရောက်လာရန်နှင့် အချိန်မှီကြိုပေးခြင်းများ ပြုလုပ်ရန် မျှော်လင့်ပါသည်။ ကျောင်းစတင်ချိန်မှ ၁၅မိနစ်ထက်ပိုပြီး နောက်ကျသော ကျောင်းသားများကို နောက်ကျသည်ဟု သတ်မှတ်မည် ဖြစ်သည်။ အကယ်၍ကလေးသည် အကြောင်းပြချက် အမျိုးမျိုးကြောင့် သတ်မှတ်ရက်တွင် ကျောင်းမတက်နိုင်ပါက မိဘ/အုပ်ထိန်းသူသည် ကလေး ကျောင်းပျက်ကွက်မည်ကို သိသည်နှင့်တပြိုင်နက် သက်ဆိုင်ရာကျောင်းခဲ့သို့ ကျောင်းစတင်ချိန်မှ ပထမ ၁၅ မိနစ်ထက် နောက်မကျဘဲ ဖုန်းခေါ်ရန်လိုအပ်ပြီး သယ်ယူပို့ဆောင်ရေး ဘတ်စ်ကားကိုလည်းအသိပေးရန်လိုအပ်ပါသည် (အကယ်၍ ကလေးသည် ဘတ်စ်ကားစီးသူ ဖြစ်လျှင်)။ မိဘများ/အုပ်ထိန်းသူများ (သို့) ကြိုတင်ခွင့်ပြုချက်ရထားသော လူကြီးများသည် ကလေးအား ဘတ်စ်ကား (သို့) ကျောင်းမှ အချိန်မှီကြိုပေးရန် မျှော်လင့်ပါသည်။

ကျောင်းခေါ် ကြိမ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အဆင့် (၃) ဆင့်ဖြင့် ကြားဝင်ဖြေရှင်းပေးလေ့ ရှိပါသည်-

- **အဆင့် ၁** - တစ်နှစ်ပတ်လုံးတွင် မိသားစုများအားလုံးအတွက် အသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း။
- **အဆင့် ၂** - ကျောင်းတက်ရမည့်ရက်၏ ၁၀-၁၉ ရာခိုင်နှုန်း ပျက်ကွက်သော ကလေးများ၏ မိသားစုများထံ သီးသန့် ဆက်သွယ်ခြင်း။
- **အဆင့် ၃** - ကျောင်းတက်ရမည့်ရက်၏ ၂၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပို၍ ပျက်ကွက်သော ကျောင်းသားများ၏ မိဘများကို အဓိကထားပြီး ကြားဝင်ကူညီခြင်း။

မိသားစုများသည် ကြားဝင်ကူညီခြင်း အဆင့်တစ်ခုစီတိုင်းတွင် လိုက်ပါနိုင်ရန် အဆီးအတားဖြစ်စေသော အရာများကို ကျော်လွှားနိုင်ခြင်းငှာ အကူအညီနှင့် အရင်းအမြစ်များကို ရဖို့ရန် မျှော်လင့်နိုင်ပါသည်။ သင်၏ကလေး ကျောင်းပုံမှန်တက်စေရန် အားပေးခြင်းတွင် ကျွန်ုပ်တို့၏ မိသားစု အားပေးကူညီသူများသည် သင်နှင့် လက်တွဲ လုပ်ဆောင်ရန် အသင့်ရှိပါသည်။ ကလေးသည် ကျောင်းတက်ရမည့်ရက်၏ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ထိုထက် ပိုသည့် လွန်ကဲသော အနေအထားများတွင် PFCE ကြီးကြပ်ရေးမှူးနှင့် တွေ့ဆုံရမည်ဖြစ်ပြီး PFCE မန်နေဂျာမှ အဖြစ်အပျက်တစ်ခုမှ တစ်ခုပေါ်တွင် အခြေခံ၍ နောက်ထပ် အဆင့်များကို ဆုံးဖြတ်ချက်ချမှတ် ရမည်ဖြစ်သည်။

ကျွန်ုပ်၏ ကျောင်းခေါ် ကြိမ်ပေါ်လစီ နှင့် သင့်မိသားစုရနိုင်သော အကူအညီများနှင့် ပတ်သက်၍ သတင်း အချက်အလက်များ ပိုမိုသိရှိလိုပါက သင့်ကလေး၏ ကျောင်းခွဲမှ ဝန်ထမ်းများကို ကျေးဇူးပြု၍ ဆက်သွယ်ပေး စေလိုပါသည်။

## ကလေးသူငယ်များ ကာကွယ်ရေး မူဝါဒ

HS4KCသည် မိသားစုများအား ၎င်းတို့၏ ကလေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးသည်။ ကလေး၏ ကျန်းမာရေး (သို့) ကောင်းမွန်စွာ နေထိုင်နိုင်ရေးစသည့် တစ်စုံတစ်ခုနှင့် ပတ်သက်၍ ပူပန်မှုများရှိသောအခါ မိဘ/ အုပ်ထိန်းသူထံသို့ ကျွန်ုပ်တို့သည် ချဉ်းကပ်ဆက်သွယ်၍ သူတို့၏ ပူပန်မှုများကို ဆွေးနွေးပေးသည်။ HS4KC သည် ဥပဒေနှင့်အညီ သတင်းပို့ရန် တရားဝင် တာဝန်ရှိသော အေဂျင်စီတစ်ခုလည်း ဖြစ်သည်။ ကျွန်ုပ်တို့သည် မ သင်္ကာစရာ ကလေးညှင်းပန်းမှု (သို့) ကလေးသူငယ်ကာကွယ်ရေး ဝန်ဆောင်မှုများ လစ်လျူရှုမှုကို ဥပဒေအရ အစီရင်ခံ တင်ပြရန် တာဝန်ရှိသည်။ အေဂျင်စီ ဝန်ထမ်းများသည် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်မည် မဟုတ်ပါ။

ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများမှာ...

1. အေဂျင်စီဝန်ထမ်းမှ ကလေးသည် မတရားညှင်းဆဲခံရသည် (သို့) လျစ်လျူရှုခြင်းခံရသည်ဟု သံသယရှိသော်၎င်း (သို့) ထိုသို့ခံရသည်ဟု ကလေးမှ ပြောဆိုသော်၎င်း။
2. အေဂျင်စီဝန်ထမ်းသည် ၎င်းတို့နှင့် ကျွန်ုပ်တို့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ကလေးသူငယ် ကာကွယ်ရေးဝန်ဆောင်မှု သို့ သတင်းပို့မည် ဖြစ်သည်။
3. အေဂျင်စီဝန်းထမ်းမှ အရေးပေါ် အခြေအနေများတွင် ၉၁၁ သို့လည်း လိုအပ်သလို ခေါ်ဆိုသွားမည် ဖြစ်သည်။

# ကွန်မြူနတီ လုပ်ဖော်ဆောင်ဖက်များ

ကွန်မြူနတီအသိုင်းဝိုင်းနှင့် ချိတ်ဆက်မှုမှတဆင့် နယ်ခံအေဂျင်စီများနှင့် ပူးပေါင်း၍ မိသားစုများ လိုအပ်သည့် ဝန်ဆောင်မှုများကို ကူညီပေးနိုင်ရန် ကျွန်ုပ်တို့ ဆောင်ရွက်လျှက် ရှိပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် အဝတ်အစား၊ ပညာရေး၊ အစားအစာ၊ အလုပ် သင်တန်း၊ ဥပဒေအကျိုးဆောင်၊ ဘာသာစကားနှင့် ပညာရေး၊ စိတ်ကျန်းမာရေးဝန်ဆောင်မှုများ၊ အိမ်/ခိုလှုံစရာနေရာ၊ သွားရေးလာရေး၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခံရမှုကို ကာကွယ်ခြင်းနှင့် ကုသခြင်း၊ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လစ်လျူရှုမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ ကလေးထောက်ပံ့ကြေး၊ ကျန်းမာရေး ပညာပေး၊ ကလေးထိန်းနည်း၊ အိမ်ထောင်ရေး ပညာပေးခြင်းနှင့် လိုအပ်သော အရင်းအမြစ်များကို ကူညီစုဆောင်းပေးခြင်း စသည့် မိသားစုများအတွက် အကူအညီဖြစ်စေမည့် Kent ခရိုင်ရှိ သင့်လျော်သော အေဂျင်စီ/ပရိုဂမ် ကိုကူညီရှာဖွေပေးဖို့ရန် ကျွမ်းကျင်သူများ ဖြစ်ကြသည်။

# ပရိုဂမ် အကူးအပြောင်းများ

## Early Head Start မှ HS4KC မူကြိုကျောင်းသို့

သင့်ကလေးသည် ကြီးထွားနှုန်း အလွန်မြန်လှပါသည်။ ကလေး ၃၀ လ ပြည့်သောအခါတွင် သင့်အိမ်သို့လာရောက်သူ သို့မဟုတ် Early Head Start (EHS)ဆရာ မှ EHS အပြီး အကူးအပြောင်းအကြောင်းကို စတင်၍ ပြောပြပါလိမ့်မည်။ မိဘတစ်ယောက်အနေဖြင့် သင်၏ ကလေးသည် HS4KC အတွက် သတ်မှတ်ချက်ပြည့်မှီမှု ရှိ/မရှိ၊ သင့်ကလေးသည် မည်သည့် ကျောင်းခွဲတွင် တက်ရမည်၊ မူကြိုကျောင်း စတက်ရမည့် အချိန်နှင့် သင့်မိသားစုအတွက် အခြားရွေးချယ်စရာများ စသည်နှင့်ပတ်သက်၍ မေးခွန်းများ ရှိပါလိမ့်မည်။

သင့်အိမ်သို့လာရောက်သူ/EHS ဆရာမှ သင့်ကလေး၏ HS4KC မူကြိုကျောင်း ဖောင်ဖြည့်လွှာကို ဖြည့်ရန်၊ သင့်ကလေးတက်မည့် Head Start မူကြိုကျောင်းခွဲသို့ သွားရောက် ကြည့်ရှုရန်နှင့် အိမ်မှစာသင်ခန်းသို့ ကူးပြောင်းခြင်းတွင် ချောမွေ့အဆင်ပြေစေရန် HS4KC မူကြိုကျောင်း ဝန်ထမ်းနှင့်လုပ်ဆောင်ခြင်း များကို သင့်အတွက် စီစဉ်ပေးနိုင်ပါသည်။ ဤအရေးကြီးသည့် စတင်ခြင်းမှတ်တိုင်တွင် ကျွန်ုပ်တို့သည် သင့်မိသားစုအား ကူညီပံ့ပိုး လိုပါသည်။

## HS4KC မူကြိုကျောင်းမှ သူငယ်တန်းသို့

နောက်နှစ် ဆောင်းဦးတွင် သူငယ်တန်းတက်တော့မည့် ကလေး၏ မိဘအနေဖြင့် သင့်ကလေး သူငယ်တန်းတက်ရန် အဆင်သင့်ဖြစ်မဖြစ်၊ မည်သည့်ချိန်တွင် မည်သည့် ကျောင်းတွင် အပ်ရမည်၊ လေ့လာမှုအတွက် အိမ်တွင် မည်သို့ပံ့ပိုးပေးရမည် စသည့်မေးခွန်းများစွာ သင့်တွင် ရှိနေပါလိမ့်မည်။

ယခုနှစ် စာသင်နှစ်၏ ဒုတိယအကြိမ်မြောက် မိဘဆရာအစည်းဝေးတွင် သူငယ်တန်းသို့ ကူးပြောင်းလာမည့် ကလေးများအားလုံးသည် သူငယ်တန်းဆိုင်ရာ ပြင်ဆင်ခြင်း ပစ္စည်းများပါသည့် ဖိုင်ထုတ်တထုတ်စီ ရရှိမည်ဖြစ်ပါသည်။ ဤအထုတ်တွင် အရေးကြီးသည့် စာရွက်၊စာတန်းများ သူငယ်တန်းကျောင်းအပ်ရန် ဖြည့်ရမည့် ဖောင်များ ပါဝင်ပါသည်။ နှစ်ကုန်ပိုင်းတွင် သင့်ကလေး၏ လာမည့် သူငယ်တန်း စာသင်နှစ် ဆရာမမှ သင့်ကလေးသည် HS4KC တွင်ရှိစဉ် လုပ်ဆောင်ခဲ့သည့် အရာများကို သိစေနိုင်မည့် Readiness Record ဟုခေါ်သော ကျောင်းလှုပ်ရှားမှု မှတ်တမ်းကို ရရှိမည် ဖြစ်သည်။

HS4KC မှ ကူးပြောင်းခြင်းဆိုင်ရာ တွေ့ဆုံပွဲကို ဦးဆောင်လုပ်ဆောင်မည် ဖြစ်သည်။ ဤတွေ့ဆုံပွဲသည် မိသားစုများကို နောက်ထပ် ပရိုဂမ်သို့ ကူးပြောင်းခြင်းအတွက် အဆင်သင့်ဖြစ်စေရန် ကူညီပံ့ပိုးပေးပါလိမ့်မည်။ ဤကူးပြောင်းခြင်းတွင် ၃ နှစ်ကလေးများ ၄နှစ်ကလေး မူကြိုကျောင်းသို့ ကူးပြောင်းခြင်းအပါအဝင်၊ ၄ နှစ်ကလေးများ သူငယ်တန်းသို့ ကူးပြောင်းခြင်းများလည်း ပါဝင်သည်။ မိမိသိလိုသမျှတို့ကို မေးမြန်းသိရှိနိုင်ရန် ဤတွေ့ဆုံပွဲသို့ တက်ရောက်ရန် မိသားစုများကို တိုက်တွန်းချင်ပါသည်။ ဤတွေ့ဆုံပွဲသည် သူငယ်တန်းတက်ရန် အဆင်သင့်ဖြစ်နေသော မိသားစုများအတွက် ထပ်လောင်း၍ ပံ့ပိုးမှုများကို ပေးသွားမည် ဖြစ်သည်။ သင်သိလိုသမျှတို့ကို မေးမြန်းသိရှိနိုင်ရန် ဤတွေ့ဆုံပွဲသို့ တက်ရောက်ရန် ပြင်ဆင်ထားပါ။

ဤစိတ်လှုပ်ရှားစရာကောင်းသော ကူးပြောင်းခြင်းကာလတွင် သင့်မေးခွန်းများ၏ အဖြေကို ကူညီရှာဖွေပေးခြင်းနှင့် သင့်မိသားစုအား ပံ့ပိုးပေးခြင်းဖြင့် သင့်အားကျွန်ုပ်တို့ ကူညီချင်ပါသည်။ ဤအကြောင်းအရာများကို ပိုမိုသိရှိလိုပါက သင့်ကလေး၏ ကျောင်းမှ ဝန်ထမ်းသို့၎င်း၊

ကွန်မြူနတီနှင့် မိသားစု ဆက်ဆံရေး အထူးပြု သို့မဟုတ် မိဘ၊ မိသားစုနှင့် ကွန်မြူနတီ ပူးပေါင်းဆောင်ရွက်ရေး မန်နေဂျာနှင့်၎င်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ကျန်းမာရေး

ပရိုဂမ် မန်နေဂျာ- Anne Glass.......................................................................................................၆၁၆ ၄၅၃-၄၁၄၅၊ လိုင်းခွဲ- ၂၄၁

ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ ဖျားနာခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများမှ ကြိုတင်ကာကွယ်ခြင်းသည် ကလေးများ ကျောင်းတွင် အောင်မြင်မှုရရှိနိုင်စေရန် အထောက်အကူပြုပါသည်။

## ကျန်းမာရေး လိုအပ်ချက်များ

မူကြိုနှင့် သူငယ်တန်းတက်ရောက်မည့် ကလေးငယ်များ ကျောင်းတွင် အောင်မြင်မှုရရှိနိုင်ရန် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများကို HS4KC မှ မိသားစုများနှင့်အတူ ပူးပေါင်းဆောင်ရွက် လျက်ရှိ ပါသည်။

Head Start တွင် ကျောင်းအပ်နှံထားသော ကလေးများအားလုံးသည် အောက်ပါ ကျန်းမာရေးစစ်ဆေးချက်များ ပြုလုပ်ရန် လိုအပ်ကြောင်း Head Start ရုံးမှ သတ်မှတ်ချက် ထားရှိပါသည်-

- Well-child examဟုခေါ်သော ကလေးကျန်းမာရေး စစ်ဆေးမှု (ကိုယ်ခန္ဓာ) - မူကြိုအရွယ်များသည် ၁၂ လတွင် တစ်ကြိမ် စစ်ဆေးရန် လိုအပ်ပြီး၊ မွေးကင်းစမှ ၂နှစ် အရွယ်အတွင်း ကလေးများမှမူ
- မကြာခဏစစ်ဆေးရန် လိုသည်။
- သွားနှင့်ခံတွင်း စစ်ဆေးမှုနှင့် သွားပိုးစားကုသခြင်း- အသက် ၁နှစ်အရွယ်မှ စတင်သည်။ ကလေးများသည် သွားကျန်းမာရေး စစ်ဆေးမှုနှင့် သွားသန့်ရှင်းရေးကို ၆လတစ်ကြိမ် ပြုလုပ်ရန် လိုအပ်သည်။
- အကြားနှင့် အမြင်စစ်ဆေးခြင်းများကို ကျန်းမာရေးဌာနနှင့် HS4KC ဝန်ထမ်းများမှ နှစ်စဉ် ပြုလုပ်ပေးသည်။ စစ်ဆေးမှု အဖြေများကို အသိပေးမည်ဖြစ်ပြီး အကယ်၍သင့်ကလေးသည် စစ်ဆေးမှု မအောင်မြင်ခဲ့ပါက ထပ်မံ စစ်ဆေးရန်အတွက် လွှဲပြောင်းပေးခြင်း များကိုလည်း ပြုလုပ်မည် ဖြစ်သည်။

အေဂျင်စီဝန်ထမ်းများမှ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများနှင့် ကုသမှုများ အားလုံးရရှိနိုင်ရန် မိသားစုများနှင့်အတူ လုပ်ဆောင်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကူအညီ လိုအပ်ပါက သင့်ကလေး၏ ဆရာ/ဆရာမ ကို ကျေးဇူးပြု၍ အသိပေးစေလိုပါသည်။

ကလေးများ ၎င်းပရိုဂမ်တွင် မပါဝင်နိုင်စေသော အကြောင်းအရာများမှာ အောက်ပါအချက်များကြောင့် ဖြစ်နိုင်ပါသည်-

- ကလေးသည် ကျောင်းစတက်ရန် ခွင့်ပြုချက် မရခြင်းမှာ ကာကွယ်ဆေးမထိုးထားခြင်း သို့မဟုတ် ကာကွယ်ဆေးထိုးရန် မလိုသော အထောက်အထား မပြနိုင်ခြင်း။
- လတ်တလောစစ်ဆေးထားသော ကိုယ်ကာယ စစ်ဆေးချက် စာရွက်ကို HS4KC မှ လက်ခံရရှိမှု မရှိပါက ရက်ပေါင်း (၃၀)နောက်ပိုင်းတွင် ထိုကလေးသည် ထုတ်ပယ်ခံရနိုင်ပါသည်။ မူကြိုကလေးများအတွက် ကိုယ်ကာကာယစစ်ဆေးချက်မှာ လွန်ခဲ့သော ၁၂ လအတွင်းတွင် ဖြစ်ရမည်ဖြစ်ပြီး၊ နို့စို့ကလေးများနှင့် လမ်းလျှောက်ကလေးများ၏ စစ်ဆေးချက်မှာ လွန်ခဲ့သော ၆လအတွင်း ဖြစ်ရမည် ဖြစ်သည်။

## လက်ဆေးခြင်း

ကလေးများ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကျောင်း/အလုပ်သို့ ရောက်ရှိချိန်၊ အစားအသောက် မစားမီ/မကိုင်တွယ်မီ နှင့် စားပြီး/ကိုင်တွယ်အပြီး တွင်ချက်ခြင်း၊ အိမ်သာတက်ပြီးချိန်/ကလေး ဒိုင်ပါများ ကိုင်တွယ်ပြီးချိန်၊ သွားတိုက်ပြီးချိန်၊ ခန္ဓာကိုယ်မှ အရည်တစ်ခုခုနှင့် ထိတွေ့ပြီးချိန်၊ ရေကစားသည့် ကလေးအရုပ် များ အသုံးပြုပြီးချိန်၊ အပြင်ထွက် ကစားပြီးချိန်၊ အိမ်မွေးတိရစ္ဆာန်များကိုင်တွယ်ပြီးချိန်၊ လက်များသိသာစွာ ညစ်ပတ်ချိန်တိုင်းနှင့် လက်အိတ်များချွတ်ပြီးချိန် တို့တွင် လက်များကိုစင်ကြယ်စွာ ဆေးကြောရမည်ဖြစ်သည်။

## ကူးစက်ရောဂါ ကြိုတင်ကာကွယ်ခြင်း

ဝန်ထမ်းများအားလုံးသည် သွေးနှင့်အခြားကူးစက်ရောဂါ ဖြစ်စေနိုင်သော အရာများနှင့် ထိတွေ့ခြင်းမှ တားဆီး နိုင်ရန် ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်ခြင်း(universal precaution) နည်းလမ်းများကို အသုံးပြုသည်။ သွေးအားလုံးနှင့် အခြားကူးစက်စေနိုင်သော အရာများကို ကူးစက်လွယ်သောအရာများအဖြစ် သတ်မှတ်ပါသည်။ ခန္ဓာကိုယ်အရည်များနှင့် ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေး ဝတ်စုံများကို ဝတ်ဆင်ထားရမည်။

## သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်း

စားပွဲနှင့် အခြားမျက်နှာပြင်များအား အသုံးပြုပြီးချိန်တိုင်း ပိုးသန့် သန့်စင် ရမည်။ အစားအသောက်များ ပြင်ဆင် ရာတွင် အသုံးပြုသည့် စားပွဲနှင့် မျက်နှာပြင်များသည်လည်း အစားအသောက် သို့မဟုတ် သရေစာ များမပြင်ဆင် မီနှင့် မတည်ခင်းမီ ပိုးသတ် သန့်စင် ရပါမည်။

ခန္ဓာကိုယ်မှအရည်များ ညစ်ပေနေသော သို့မဟုတ် ဝါးထားသော ကလေးကစားစရာအရုပ်များကို တစ်နေ့တာ အပြီးတွင် သို့မဟုတ် နောက်တစ်ကြိမ် ကလေးများအား ပြန်အသုံးမပြုခိုင်းမီ ဇလုံတစ်ခုတွင် ထည့်ပြီး ပိုးသတ် သန့်စင်ထားရမည်။ ကလေးကစားစရာအရုပ်များကို ညစ်ပေချိန်တိုင်း နှင့် အပတ်စဉ်တိုင်း သန့် ရှင်းရေးပြုလုပ် ပေးရမည်။

## မတော်တဆဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အဖြစ်အပျက်နှင့် ဖျားနာခြင်း

HS4KC မှ အောက်ပါအကြောင်းအရာများဖြစ်လာပါက မစ်ချီကန်လူမှုဝန်ဆောင်မှုဌာန လုပ်ပိုင်ခွင့်ချမှတ်ရေးရုံး နှင့် သင့်အား အသိပေးရန်လိုအပ်ပါသည်။

- သင့်ကလေးပျောက်သွားချိန် သို့မဟုတ် ကြီးကြပ်ကြည့်ရှုမည့်သူ မရှိဘဲ ကျန်ခဲ့ချိန်
- မသင့်လျော်သော ထိတွေ့ခြင်းအတွက် စွပ်စွဲချက်ရှိလာသောအခါ
- ကျောင်းဝင်းအတွင်း မီးငြိမ်း ကရိယာအသုံးပြု၍ မီးငြိမ်းရသော မီးလောင်မှုများ ဖြစ်ပွားချိန် သို့မဟုတ် အသက် သို့မဟုတ် ပိုင်ဆိုင်မှု ဆုံးရှုံးစီးချိန်
- အကြောင်းတစ်ခုခုကြောင့် ကျောင်းနယ်မြေမှ ဘေးလွတ်ရာသို့ ထွက်ခွာရချိန်
- သင့်ကလေး ထိခိုက်ဒဏ်ရာရချိန်

အကယ်၍ သင်၏ကလေးသည် မတော်တဆထိခိုက်ဒဏ်ရာ ရရှိခဲ့ပါက မတော်တဆ ဖြစ်ပျက်မှု အကြောင်းကြား စာကို သင့်အားပေးမည်ဖြစ်သည်။

အကယ်၍ အရေးပေါ်ဆေးကုသမှုလိုအပ်ပါက ဝန်ထမ်းတစ်ဦးမှ 911 နှင့် သင့်အား ခေါ်ဆိုမည်ဖြစ်သည်။ အကယ်၍ ဝန်ထမ်းမှ သင့်အားခေါ်ဆို၍ မရပါက သင့်ကလေးအတွက် အရေးပေါ်ဆက်သွယ်နိုင်ရန် သင်ဖုန်းနံပါတ်ပေးထားသည့် ပုဂ္ဂိုလ်များကို ခေါ်ဆိုမည် ဖြစ်သည်။

အကယ်၍ ကျောင်းသို့ သင်မရောက်လာသေးပါက ဝန်ထမ်းတစ်ဦးမှ သင့်ကလေးကို ဆေးရုံသို့ အဖော်ပြုလိုက်ပါပေးပါမည်။

# ဖျားနာခြင်း

## ကျောင်းတွင်ဖြစ်ခြင်း

သင့်ကလေးနာမကျန်းဖြစ်လျှင် သူ့အတွက်သော်၎င်း၊ အတန်းဖော်များနှင့် ဆရာ/ ဆရာမများအတွက်သော်၎င်း မထိခိုက်စေရန် သင့်ကလေးအား အိမ်၌ ထားရှိသင့်ပါသည်။ အကယ်၍ သင့်ကလေးသည် ကျောင်းအတွင်း၌ရှိနေချိန် နာမကျန်းဖြစ်လာပါက သင့်ကလေးအား လာကြိုရန် သင့်အားဆက်သွယ်လာမည် ဖြစ်သည်။ သင့်အားဆက်သွယ်၍မရပါက သင်သတ်မှတ်ထားသော သူအား သင့်ကလေးကို လာကြိုရန် ဆက်သွယ်သွားမည် ဖြစ်သည်။

## အိမ်သို့လာရောက်ခြင်း အစီအစဉ်

အကယ်၍ သင့်အိမ်မှ တစ်စုံတစ်ဦး နာမကျန်းဖြစ်ပါက သူ့အတွက်သော်၎င်း၊ အခြားကလေးများ နှင့် သင့်အိမ်သို့ လာရောက်သော ဆရာ/ဆရာမအတွက်သော်၎င်း မထိခိုက်စေရန် သင့်အိမ်သို့လာရောက်သူအား အိမ်သို့လာရောက်ခြင်း အစီအစဉ် ဖျက်သိမ်းရန်နှင့် တစ်ပတ်အတွင်းတွင် အချိန်ပြန်လည်သတ်မှတ်ရန် ဖုန်းခေါ်၍ အကြောင်းကြားသင့်ပါသည်။

## အောက်ပါအခြေအနေများတွင် ကလေးသည် အိမ်၌နေသင့်သည် /အိမ်သို့လာရောက်ခြင်း အစီအစဉ် ဖျက်သိမ်းခြင်းနှင့် ရက်ပြန်လည်သတ်မှတ်ခြင်းလုပ်သင့်သည်-

- သင့်ကလေးသည် အဖျားတက်ခြင်း၊ နာမကျန်းဖြစ်ဟန်ရှိခြင်း သို့မဟုတ် ဝမ်းလျှောခြင်း၊ အော့အန်ခြင်းနှင့် အာသီးရောင်ခြင်းများ စသည့် အခြားသော လက္ခဏာများရှိပါက
- ကလေးသည် ၂၄ နာရီအတွင်း ၂ကြိမ်နှင့်/သို့မဟုတ် ၂ကြိမ်ထက်ပို၍ အော့အန်ခြင်း နှင့် ဝမ်းလျှောခြင်း ဖြစ်ပါက
- ကလေးသည် အင်ဖျဉ်ထခြင်းနှင့်  အဖျားတက်ခြင်း သို့မဟုတ် နာမကျန်းဖြစ်ဟန် ရှိပါက
- သင့်ကလေးကူးစက်စေနိုင်သော မကျန်းမာခြင်း သို့မဟုတ် ဖြစ်နိုင်ခြေရှိသည်ဟု သံသယရှိပါက
- ကလေးသည် ကျောင်းလှုပ်ရှားမှု သို့မဟုတ် အိမ်သို့လာရောက်ခြင်း အစီအစဉ်တွင် အပြည့်အဝပါဝင်ရန် အလွန်အမင်း ဖျားနာနေပါက

# ကျောင်းတွင် ဆေးဝါးများတိုက်ကျွေးခြင်း

HS4KC သည် ဆရာဝန်၏ခွင့်ပြုချက်မပါဘဲ မည်သည့်ဆေးဝါးများကိုမျှ ကျောင်းခန်းတွင် ထားရှိခွင့် မရှိပါ။ အကယ်၍ သင့်ကလေးသည် ကျောင်းတွင် ဆေးဝါးသုံးဆောင်ရန် လိုအပ်ပါက သင့်ကလေး၏ ကျောင်းရှိ Head Start စင်တာ၌ ကျောင်းကြီးကြပ်ရေးမှူးအား ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။ သင့်ကလေး၏ ကျောပိုးအိတ်နှင့် အိတ်ကပ်များတွင် ဆေးဝါးများ ထည့်ပေးလိုက်ခြင်းနှင့် ဆေးဝါးသယ်သွားရန်ခွင့်ပြုခြင်းများကို ကျေးဇူးပြု၍ ရှောင်ကြဉ်ပါ။

## သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိခြင်း အသိပေးစာ

HIPAA (ကျန်းမာရေးဆိုင်ရာ မှတ်တမ်းအချက်အလက်များကို လုံခြုံစွာထားရှိပေးထားခြင်းနှင့် ထိန်းသိမ်းပေးခြင်း အက်ဥပဒေ)စာရွက်ကို သင့်ကလေး၏ HS4KC ကျောင်းတွင် မိဘများအတွက် သတင်းအချက်အလက်ဘုတ်ပေါ်တွင် တွေ့နိုင်ပါသည်။

## သွားတိုက်ခြင်း

ကလေးများသည် ကျောင်းတွင်ရှိစဉ် တစ်နေ့တစ်ကြိမ်သွားတိုက်ရမည်ဖြစ်သည်။ ပိုးမွှားများပြန့်ပွားကူးစက်ခြင်းလျော့ကျစေရန် မိမိ၏စားပွဲခုံ၌သာ သွားတိုက်ခိုင်းမည်ဖြစ်သည်။ သွားပွတ်တံများကို အသုံးပြုပြီးလျှင် ထည့်စရာခွက်တွင် သိမ်းစည်းပြီး ကလေးများ လက်လှမ်းမမှီနိုင်သောနေရာတွင် ထားရှိပါမည်။ ပရိုဂမ်နှစ်အတွင်းတွင် သွားပွတ်တံများကို ၃လ ၁ကြိမ် အသစ်လဲပေးရပါမည်။

ပရိုဂရမ် မန်နေဂျာ- Cori Anderson ................................................ ၆၁၆-၄၁၅၃-၄၁၄၅၊ လိုင်းခွဲ - ၂၂၂၁


ကျွန်ုပ်တို့သည် ကလေးများ တက်ကြွခြင်းနှင့် သက်တောင့် သက်သာဖြင့် ပါဝင်နိုင်သော မိသားစု ပုံစံ ပတ်ဝန်းကျင်တွင် ရှိစဉ် အာဟာရပြည့်မီသောအစားအသောက်များနှင့် သရေစာများ ကျွေးမွေး ခြင်းဖြင့် ကလေး၏ ကျောင်းပညာတွင် အောင်မြင်မှုရရှိစေနိုင်ရန် ရည်ရွယ်လုပ်ဆောင်နေပါသည်။

## ကျောင်းတွင်းအစားအသောက်

ကလေးများအား ပရိုဂရမ်ပေါ်မူတည်၍ အစားအသောက်များ ကျွေးမွေးပါသည်-

| အိမ်သို့လာရောက်ခြင်းပရိုဂရမ် | အချိန်ပြည့်စာသင်ခန်း |
|---|---|
| လူမှုဆက်ဆံရေး-<br>တစ်လလျှင် နှစ်ကြိမ်<br>အိမ်သို့လာရောက်ခြင်း-<br>တစ်လလျှင် တစ်ကြိမ် | မနက်စာ<br>နေ့လည်စာ<br>သရေစာ |

## အတန်းတွင်း ထမင်းစားချိန်

- အစားအသောက်သုံးဆောင်မှုကို မိသားစုထမင်းဝိုင်းဆန်စွာ ဖန်တီးထားပါသည်။ မိမိကိုယ်တိုင် အစားအစာများကို ပြင်ဆင် သုံးဆောင်ခိုင်းပြီး ထမင်းစားချိန်တွင် မိမိတို့သုံးဆောင်သော အစားအစာများအကြောင်းကိုပြောကာ စားပြီး ပါက သန့်ရှင်းရေးပြုလုပ်ခိုင်းပါသည်။
- ကလေးများအား ၎င်းတို့မစားဖူးသေးသော အစားအစာများကိုသုံးဆောင်ရန် အကြံပြုပါမည်။ သို့သော် အတင်း အကြပ်မတိုက်တွန်းပါ။
- ကလေးများ ဗိုက်မဝသေးပါက အစားအစာများ ထပ်မံ၍လည်း ရနိုင်ပါသည်။
- အစားအစာကိုအသုံးပြုပြီး ဆုပေး၊ ဒါဏ်ပေးများမပြုလုပ်ပါ။
- ဆရာဝန်၏ထောက်ခံချက်ဖြင့် အစားအသောက်နှင့်ပတ်သက်၍ အထူးကြပ်မတ်ရန်လိုအပ်သော ကလေးများရှိပါက သင့်လျော်အောင်ပြင်ဆင်ပေးပါသည်။
- နို့စို့ကလေးငယ် /လမ်းလျှောက်ကလေးငယ်များ ကျောင်းခန်းများတွင် အသင့်လုပ်ပြီးသား နို့မှုန့်များ ပြင်ဆင်ပေး ပါသည်။ အကယ်၍ ကျန်းမာရေးအခြေအနေကြောင့် အခြားအထူးသတ်မှတ်ထားသော နို့မှုန့်သာလျှင် တိုက်ကျွေး ရန်လိုအပ်ပါက ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း တိုက်ကျွေးပါသည်။
- မိဘများအနေဖြင့် သန့်စင်သော နို့ဗူး ၃ဗူးကို နေ့စဉ်ယူဆောင်လာပေးရမည် ဖြစ်ပြီး ဗူးရောက်လာသည်နှင့် နို့ဗူးကို ပြင်ဆင်ပေးပါမည်။ အကယ်၍ ဗူးများ အသင့်မရှိပါက ၎င်းတို့အတွက် ဗူးများကို ပြင်ဆင်ပေးမည် ဖြစ်သည်။ နို့ဗူးများ ကို နို့စို့ကလေးငယ်၏ အရှေ့၊ အနောက် နာမည်အပြည့်အစုံ၊ နို့ဗူးစတင်သုံးစွဲသည့် နေ့စွဲနှင့် အချိန်ကိုလည်း ရေးမှတ် ထားပါမည်။

အစားသောက်များကို ပုံမှန်ကျွေးမွေးပြီး သရေစာပြင်ဆင်ရာတွင် ကလေးများကို ပါဝင်ပြင်ဆင်ခွင့် ပေးကာ ထို့နောက်တွင် ၎င်းတို့ကူညီပြင်ဆင်ထားသောအစာကို စားပါသည်။ နေ့ခင်းထမင်းစားချိန်အပြီးတွင် သွားတိုက်ရ ပါမည်။

# အစားအသောက်စာရင်း

- စာသင်ခန်းတွင် ချိတ်ဆွဲထားပြီး အေဂျင်စီဝပ်ဆိုက်(ဒ်) www.hs4kc.org. တွင်လည်း လစဉ် တင်ပြထားပါသည်။
- ကလေးနှင့် လူကြီးအာဟာရဌာနနှင့် Head Start မှသတ်မှတ်ထားသော လမ်းစဉ်တို့နှင့် အညီ ပြည့်မှီစေရန် လုပ်ဆောင်ပါမည်။
- သကြား၊ ဆီနှင့် ဆားများကို လျော့ချပြီး အာဟာရပြည့်ဝသောအစားအစာအမျိုးမျိုးကို ကျွေးမွေးရန် ပြင်ဆင်ပါမည်။
- မတူညီသောတိုင်းရင်းသားအစားအသောက်အမျိုးမျိုးတို့ကို အလျင်းသင့်သလို ကျွေးမွေးနိုင်ရန် လုပ်ဆောင်ပါမည်။

# အပိုအစားအသောက်များကို ကျောင်းခန်းထဲသို့ ယူဆောင်လာခြင်း

ကလေးများအားလုံးအတွက် အန္တရာယ်ကင်းပြီး တန်းတူညီမျှဖြစ်သော ကျောင်းခန်းဖြစ်စေရန် အစားအစာများကို မိသားစုများအားဖြင့်သော်ငင်း သို့မဟုတ် ဝန်ထမ်းများသော်ငင်း အတန်းအတွင်းသို့ ယူဆောင်ခွင့်ပြုမည် မဟုတ်ပေ။

မိသားစုများအနေဖြင့် လုံခြုံရေးနှင့် တန်းတူညီမျှရှိရေး အတွက် အခြားနည်းလမ်းများရှိပါက မိမိ ကလေး၏ဆရာ/ဆရာမများ သို့မဟုတ် ကျောင်းကြပ်ရေးမှူးအား  အကြံပြုနိုင်ပါသည်။ မိမိကလေးနှင့်အတူ ကျောင်းခန်းတွင် တစ်နေ့တာ အချိန်ယူခြင်း၊ စာအုပ်ပြုလုပ်ခြင်း သို့မဟုတ်

အစားအစာမဟုတ်သော အခြားအိမ်၌ ပြုလုပ်ထားသောအရာများကို အတန်းတွင် ဝေမျှခြင်း စသည့် အကြံဉာဏ်များ ပါဝင်နိုင်ပါသည်။

အထူးစားသောက်ရန် လိုအပ်သော အစာများ၊ ကိုယ်အလေးချိန်ဆိုင်ရာ ပူပန်မှုများ၊  မတည့်သောအစားစာများ၊ အခြေခံ ဈေးဝယ်ခြင်းနှင့် အိမ်၌ အစားအသောက် စာရင်းပြင်ဆင်ခြင်း များနှင့်ပတ်သက်၍ အာဟာရပရိဂမ် မန်နေဂျာသည် သင်၏ပူပန်မှုအတွက် ဆွေးနွေးပေးရန် အသင့်ရှိပါသည်။ မိဘများသည် မိမိတို့၏ အစားသောက်၊ အတွေ့ကြုံ အကြံပေးမှုများ မီနူးတွင် ထည့်သွင်းရန် ကြိုဆိုပါသည်။ ကျေးဇူးပြု၍ သင့်ကလေး၏ ဆရာ/ဆရာမ၊ အိမ်သို့လာရောက်သူ၊ သို့မဟုတ် အာဟာရ ပရိုဂမ် မန်နေဂျာတို့ကို အကြံပြုခြင်းများ ပြုလုပ်ပေးပါ။ မိဘများ၏ စိတ်ဝင်စားမှုပေါ် မူတည်၍ အာဟာရဆိုင်ရာ သင်တန်းများကို မိသားစုတွေ့ဆုံပွဲများတွင် ပြုလုပ်သွားပါမည်။

## နို့ချိုတိုက်ကျွေးခြင်း

Kent ခရိုင်အတွက် Head Start (HS4KC) မှ မိခင်နို့ချိုတိုက်ကျွေးခြင်း၏ ကောင်းကျိုးများကို နားလည်ပြီး ထောက်ပံ့အားပေးပါသည်။ ကျွန်ုပ်တို့အနေဖြင့် မိခင်မှ မိမိကလေးအား နို့ချိုတိုက်ကျွေးနိုင်ရန် နှင့်/သို့မဟုတ် မိခင်မှ နို့ဗူးဖြင့်ပြင်ဆင်ထားသော မိခင်နို့ကို တိုက်ကျွေးရန် နေရာတစ်နေရာကို ပြင်ဆင်ထားပေးပါသည်။

# ပြည်သူ့အခွင့်အရေးများ

USDA မှ ဆောင်ရွက်သော သို့မဟုတ် ရံပုံငွေထောက်ပံ့ထားသော မည်သည့်အစီအစဉ်တွင်မဆို (အခြေခံ အားလုံးသည် ပရိုဂရမ်အားလုံးအတွက် အကျုံးမဝင်ပါ)၊ နိုင်ငံရေးအမြင် သို့မဟုတ် ယခင်ပြည်တွင်းအခွင့်အရေး လှုပ်ရှားမှုအတွက် တုန့်ပြန်ခြင်း၊ ပြည်သူ့အထောက်အပံ့ အစီအစဉ်မှ ရရှိသောဝင်ငွေ၊ မိသားစု/မိဘအခြေအနေ၊ အိမ်ထောင်အခြေအနေ၊ အသက်၊ မသန်စွမ်းမှု၊ လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက် (လိင်ပိုင်းဆိုင်ရာ ခံယူချက် အပါအဝင်) ၊ လိင်၊ ကိုးကွယ်ရာဘာသာ၊ မူလနိုင်ငံသား၊ အသားအရောင်နှင့် လူမျိုးတို့အပေါ်မူတည်ပြီး ခွဲခြား ဆက်ဆံခြင်းကို

USDA နှင့်ပတ်သက်သော အစီအစဉ်များ၊ ကျောင်းများ၊ ဝန်ထမ်းများ၊ ရုံးများ၊ ရဲဌါနများ၊ ကိုယ်စားလှယ်များ တွင် ဖက်ဒရယ် ပြည်သူ့အခွင့်အရေးဥပဒေနှင့် U.S စိုက်ပျိုးရေးဌာန (USDA) ပြည်သူ့အခွင့်အရေးစည်းမျဉ်းမူဝါဒ များနှင့် အညီတားမြစ်ထားပါသည်။ အမှုစီရင်ခြင်းနှင့် တိုင်ကြားစာတင်သည့် နောက်ဆုံးရက်များသည် ပရိုဂမ်နှင့် အဖြစ်အပျက်ပေါ် မူတည်၍ ကွဲပြားမှုရှိသည်။

ဤပရိုဂရမ် သတင်းအချက်အလက်နှင့်ဆိုင်၍ အခြားနားလည်နိုင်မည့် ဆက်သွယ်ရေး လိုအပ်သည့် မသန်စွမ်း သူများသည် (ဥပမာ-မျက်မမြင်စာ၊ ပုံနှိပ်စလုံးကြီး၊ အသံဖိုင်၊ အမေရိကန် လက်သင်္ကေတပြ ဘာသာစကား စသည်ဖြင့်.) တာဝန်ရှိအေဂျင်စီ သို့မဟုတ် USDA's TARGET Center (202) 720 – 2600 သို့ (အသံ နှင့် TTY) သို့မဟုတ် USDA ပြည်နယ်ဆက်သွယ်ရေး ဝန်ဆောင်မှု (800) 877-8339 သို့ ခေါ်ဆိုနိုင်ပါသည်။ ထို့အပြင် ပရို ဂမ် အချက်အလက်များကို အင်္ဂလိပ်ဘာသာစကားဖြင့် သာမက အခြားဘာသာစကားများဖြင့် လည်းရရှိအောင် ပြုလုပ်ထားပါသည်။

ခွဲခြားဆက်ဆံရခြင်းနှင့် ပတ်သက်၍တိုင်ကြားချင်ပါက အွန်လိုင်းတွင်
How to File a Program Discrimination Complaint ၌ USDA ပရိုဂမ် ခွဲခြားဆက်ဆံရခြင်း တိုင်ကြားခြင်း လျှောက်လွှာ AD-3027 ကိုဖြည့်စွက်ပြီး မည်သည့် USDA ရုံးသို့မဆို သို့မဟုတ် လက်ရေးဖြင့် USDA လိပ်စာသို့ လိပ်မူ၍ လျှောက်လွှာမှ တောင်းဆိုသည့် အချက်အလက်များထည့်သွင်းပြီး ပေးပို့နိုင်ပါသည်။ တိုင်ကြားစာ မိတ္တူ ကိုတောင်းခံရန် (၈၆၆) ၆၃၂ - ၉၉၉၂ သို့ခေါ်ဆိုနိုင်ပါသည်။ ဖြည့်စွက်ပြီးသော

လျှောက်လွှာ (သို့) စာကို USDA သို့ (၁) စာတိုက်မှ U.S. Department of Agriculture၊

Office of the Assistant Secretary for Civil Rights, 1400 Independence Avenue,

SW, Washington, D.C. ၂၀၂၅၀-၉၄၁၀ (2) fax: (၂၀၂) ၆၉၀ - ၇၄၄၂; သို့ (၃) email:

program.intake@usda.gov.

သို့ ပေးပို့နိုင်ပါသည်။
USDA သည် တန်းတူအခွင့်အရေးပေးသူ ၊ အလုပ်ရှင် ၊ ချေးငွေးပေးသူ ဖြစ်သည်။
ကိုးကား - https://www.usda.gov/non-discrimination-statement

ခွဲခြားဆက်ဆံရမှု တိုင်ကြားခြင်းပရိုဂမ်ကို မည်သို့ လျှောက်ထားရမည်နည်း-

https://www.usda.gov/oascr/how-to-file-a-program-discrimination-complaint

ပရိုဂမ် မန်နေဂျာ- Becky Stoessner ........................................ ၆၁၆-၄၅၃-၄၁၄၅၊ လိုင်းခွဲ-၂၂၃၈

ကလေးများအတွက် ပညာသင်ယူရာတွင် လုံခြုံသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ ပံ့ပိုးကူညီပေးသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ကလေးများ၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဘဝနှင့်ပညာရေးတွင် အောင်မြင်မှုရရှိနိုင်ရန် အထောက်အကူပြုနိုင်မည့် ယုံကြည်မှု၊ ကျွမ်းကျင်မှုအတတ်ပညာနှင့် အသိပညာများ ရရှိနိုင်ရန် ကူညီပေးပါသည်။

## အတွေးအခေါ်၊ သင်ရိုးညွှန်းတန်းနှင့် နေ့စဉ်အချိန်ဇယား

### မူကြိုကျောင်း

ကျွန်ုပ်တို့၏ မူကြိုပရိုဂမ်ပုံစံကို ကလေးများသည် ၎င်းတို့ရှိသောနေရာတွင် ၎င်းတို့အတွက် လိုသောအရာများကို ပြည့်မီမှုရရှိစေရန်နှင့် သင့်လျော်ပြီး စိန်ခေါ်မှုရှိသော နည်းလမ်းအမျိုးမျိုးဖြင့် အစဉ်ပြောင်းလဲ တိုးတက်နေစေရန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လေ့ကျင့်မှုများအပေါ် အခြေခံတည်ဆောက် ထားပါသည်။ ကျွန်ုပ်တို့၏ စာသင်ခန်းများကိုလည်း ကလေးများသည် လက်တွေ့ကစားခြင်းမှ သင်ယူမှုအား ပိုကောင်းလာစေရန် စီမံထားသည်။ ဆရာ/မ လမ်းညွှန်မှုအောက်တွင် သတ်မှတ်ထားသော စိတ်ဝင်စားစရာ နေရာများ၌ ပစ္စည်းများကို မိမိကိုယ်ကိုအားကိုး၍ သို့မဟုတ် အခြားရွယ်တူကလေးများနှင့်အတူ ရှာဖွေစေခြင်းဖြင့် ကလေးများကို ဆော့ကစားစေပါသည်။

ကျွန်ုပ်တို့၏ နို့စို့မှ-သုံးနှစ်အရွယ်ထိ ကလေးများအတွက် စာသင်ခန်းများတွင် တစ်ဦးနှင့် တစ်ဦး ခိုင်မာယုံကြည်မှုရှိသော ဆက်ဆံရေးရစေရန် ဖန်တီးထားသည့် လက်ရှိလေ့လာတွေ့ရှိချက်အပေါ် အခြေပြုထားသော နားလည်သဘောပေါက်လွယ်သော သင်ရိုးညွှန်းတမ်းကို အသုံးပြုပါသည်။ ထိုသို့ ရည်ရွယ်ချက်ရှိသော ကစားခြင်းမှ ကလေးများသည် စူးစမ်းလေ့လာခြင်းနှင့် ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကိုလည်း လက်တွေ့ လုပ်ရန် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေမည် ဖြစ်သည

ကျွန်ုပ်တို့၏ မူကြိုစာသင်ခန်းများတွင် အဆင့်မြင့် အခြေခံ ပညာရေးနှင့် လက်တွေ့လုပ်ဆောင်ခြင်း သင်ခန်းစာများမှ စိတ်ပိုင်းဆိုင်ရာ တိုးတက်လာစေရန်၊ မိမိကိုယ်ကို ယုံကြည်မှုရှိလာစေရန်နှင့် မိမိကိုယ်ကို အားကိုးတတ်ရန် သေချာစွာ ဖန်တီးထားသော လေ့လာတွေ့ရှိချက်များအပေါ် အခြေခံထားသည့် နားလည်လွယ်သော သင်ရိုးညွှန်းတမ်းကို အသုံးပြုသည်။

နေ့စဉ်အချိန်ဇယားကို အတန်းတိုင်းတွင် ကလေးများမြင်နိုင်သည့် နေရာ၌ ချိတ်ဆွဲထားသည်။ ဤအရာအားဖြင့် ကလေး များသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို မှန်းဆတတ်လာခြင်းနှင့်အတူ ပိုမိုလုံခြုံမှုကိုလည်းခံစားစေပြီး ၎င်းတို့နေ့ရက်များကို စီမံတတ်လာစေမည့် စဉ်ဆက်မပြတ် လုပ်ဆောင်တတ်ခြင်းကို တည်ဆောက်ပေးသည်။ ပုံမှန်အချိန်စာဇယားတစ်ခုတွင် နှုတ်ဆက်ချိန်၊ မနက်စာအချိန်၊ အုပ်စုဖွဲ့ (ကြီး)ချိန်၊ အုပ်စုဖွဲ့(ငယ်)ချိန်၊ စီစဉ်ချိန်၊ လုပ်ဆောင်ချိန်၊ သန့်ရှင်းရေးအချိန်၊ ဆင်ခြင်ချိန်၊ နေ့လည်စာအချိန်၊ အနားယူချိန်၊ အပြင်ထွက်ချိန်နှင့် အသံထွက်ပြီး စာဖတ်ချိန်များ ပါဝင်သည်။

### နို့စို့ကလေး/တစ်နှစ်မှသုံးနှစ်အရွယ်ကလေး

နေ့စဉ်ပြုစုစောင့်ရှောက်ရေး လုပ်ရိုးလုပ်စဉ်များသည် ကလေးများနှင့် ပံ့ပိုးကူညီပေးသူအကြား ယုံကြည်မှုကို ဖြစ်စေသော အပြုသဘောဆောင်သော ဆက်ဆံရေးကို တည်ဆောက်ပေးသည့် အခွင့်အရေးတစ်ရပ် ဖြစ်သည်။ ဆရာ/မ များသည် ကလေးများနှင့် အရုပ်များကစားခြင်း၊ တုပခြင်း၊ အယောင်ဆောင်ခြင်း၊ စာအုပ်များနှင့် ပုံပြင်များ ဖတ်ခြင်း၊ ပန်းချီ နှင့်လက်မှုပညာဖန်တီးခြင်းနှင့် ထိုထက်မကသော အရာများတို့ဖြင့် နေ့စဉ်ကလေးများနှင့် ရည်ရွယ်ချက်ရှိစွာ ထိတွေ့ခြင်းဖြင့် ကလေးများ၏ စိတ်ဝင်စားမှု အပြောင်းအလဲ၊ စွမ်းရည်များနှင့် လိုအပ်ချက်များပေါ် လိုက်လျောညီထွေစွာ တုံ့ပြန် ပြုစုဆောင်ရွက်ပေးပါသည်။

ဤပုံမှန်အချိန်များကို အသုံးပြု၍ ဆရာ/မများသည် ကလေးများ၏ စူးစမ်းလိုစိတ်၊ လုံခြုံစိတ်ချမှုကို ကူညီခံစားစေခြင်းနှင့် နွေးထွေးမှုအပြည့်ဖြင့် ဘာသာစကားကြွယ်ဝသော ပတ်ဝန်းကျင်အဖြစ် ဖန်တီးခြင်း၊ ချစ်ခြင်းနှင့် အဓိပ္ပာယ်ပြည့်ဝသော အပြည့်အလှန်တုံ့ပြန်မှုများဖြင့် ပြုစုပျိုးထောင် ပေးပါသည်။ ဤအရာသည် ကလေးများ၏ ကျောင်းပညာနှင့် ဘဝ အတွက် အနာဂတ် အောင်မြင်ခြင်း အခြေခံအုတ်မြစ်ကို ကူညီတည်ဆောက်ပေးသည်။

## အဓိက စောင့်ရှောက်ပေးသူ

ကျွန်ုပ်တို့၏ နို့စို့ကလေး-လမ်းလျှောက်ကလေးငယ် စာသင်ခန်းများမှ ကလေးတစ်ယောက်စီ၌ ၎င်းတို့၏ ခန္ဓာပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်မီနိုင်ရန် အချိန်တိုင်းတွင် ၎င်းတို့အား အဓိက ပြုစုစောင့်ရှောက်ပေးမည့်သူ တစ်ဦးစီ ရှိမည်ဖြစ်သည်။ ကလေး၏ နေ့စဉ် ပုံမှန် လုပ်ရိုးလုပ်စဉ်များနှင့် လိုအပ်ချက်များကို ကလေး၏ ကျန်းမာရေးအတွက် အဓိက ပြုစုစောင့်ရှောက်ရန် တာဝန်ကျသူဆရာ/မ(primary care) မှ တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်သည်။ ဤတွင် နုတ်နှင့် ခန္ဓာပိုင်းဆိုင်ရာ အပြန်အလှန် တုံ့ပြန်ခြင်းများဖြစ်သည့် နှုတ်ဆက်ခြင်းနှင့် ထွက်ခွာခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ကျွေးမွေးခြင်း၊ ဒိုင်ပါဝတ်ပေးခြင်း၊ တစ်မှေးအိပ်ခြင်း၊ တစ်ဦးစီ၏ သမိုင်းဝင်အချိန်ကောင်းများကို ဂုဏ်ပြုခြင်း၊ အိမ်တွင်းနှင့် အပြင်ထွက်ကစားခြင်းတွင် ပံ့ပိုးကူညီခြင်းနှင့် ကလေး၏ အတွေ့အကြုံများနှင့် ပတ်သက်၍ ကလေးမိဘနှင့် အမြဲတစေ အပြန်အလှန် ဆက်ဆံရေးများ အကန့်အသတ်မရှိ ပါဝင်နိုင်သည်။

## နေ့စဉ်လှုပ်ရှားမှု မှတ်တမ်း (နို့စို့ကလေး /လမ်းလျှောက်ကလေးငယ် စာသင်ခန်းများ)

ကလေး၏ အစာကျွေးသည့် အလေ့အထ အပြောင်းအလဲများ၊ အိပ်စက်မှု ပုံစံများ၊ ဖယ်ရှားမှု နှင့် တိုးတက်မှု ပုံစံများနှင့် ၎င်းတို့ကလေးအား အဓိက စောင့်ရှောက်ပေးမည့်သူ (primary caregiver) ကိုသိမှတ်ခြင်း စသည့် ၎င်းတို့ကလေးနှင့် ပတ်သက်သော နေ့စဉ် သတင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပေးနိုင်ရန် Kaymbu app ကို ကျွန်ုပ်တို့ အသုံးပြုပါသည်။ ဖောင်စာရွက်ကို မိသားစုအား app တွင် မထည့်သွင်းမီ အချိန်ထိ ကနဦးတွင် အသုံးပြုခဲ့သည်။ အထူးလိုအပ်ချက်ရှိသော မူကြိုကလေးများ၏ မိဘများသည် နေ့စဉ်လှုပ်ရှားမှု မှတ်တမ်းကို ၎င်းတို့ထံသို့ပေးပို့ရန် တောင်းခံနိုင်ပါသည်။

## ရာသီဥတုဘေးမှ ကြိုတင်ကာကွယ်ခြင်းများ

ရာသီဥတုသာယာပါက ကလေးများ နေ့တိုင်းအပြင်သို့ ထွက်ကစားပါသည်။ အလွန် ပူခြင်း သို့မဟုတ် အေးခြင်း ရှိသောအချိန်နှင့် လေထုအရည်အသွေးသည် အပြင်ထွက် ကစားရန် ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသောအချိန် တို့တွင် အထူးသတိထားပါသည်။ ကျေးဇူးပြု၍ ရာသီဥတုနှင့် ကိုက်ညီသော အဝတ်အစားများကို ဝတ်ဆင်ပေး ပါ။

## ကျောင်းတက်ရန် အဆင်သင့်ဖြစ်စေခြင်း

### ဖွံ့ဖြိုးမှုဆိုင်ရာ စစ်ဆေးခြင်းများ

ကျောင်းသားများအားလုံးသည် HS4KC သို့ဝင်ခွင့်ရရှိပြီး ၄၅ရက်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ပြောဆိုမှုစွမ်းရည်၊အမူအကျင့်ဆိုင်ရာ၊ အကြားနှင့် အမြင်အာရုံဆိုင်ရာ များကို စစ်ဆေးခြင်းခံရမည်။ ၎င်းစစ်ဆေးခြင်းမှရရှိသော အချက်အလက်များအပေါ် မူတည်၍ ထိုကျောင်းသားသည် နောက်ထပ် စစ်ဆေးခြင်းခံယူရမည့် နေရာသို့ လွှဲပြောင်းပေးရန် လိုအပ်မှု ရှိ/မရှိကို သိနိုင်မည် ဖြစ်သည်။ ဆရာ/မများနှင့် အိမ်သို့လာရောက်သူများမှ စစ်ဆေးချက်ကို မိသားစုနှင့်အတူ ပြန်လည်သုံးသပ်ပြီး ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နောက်ထပ်ပံ့ပိုးပေးခြင်း အစီအစဉ်ကို ချမှတ်မည် ဖြစ်သည်။

### ဖွံ့ဖြိုးမှုဆိုင်ရာ အကဲဖြတ်ခြင်း

ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းများသည် Head Start Early Learning Outcomes Frame Work နှင့် ကိုက်ညီမှုရှိထားပြီး ကျောင်းတက်ရန်အတွက် ပြင်ဆင်ရာတွင်မရှိမဖြစ် အဓိက ၅ ချက်ဖြစ်သည့် ဘာသာစကား နှင့် စာတတ်မြောက်မှု၊ သိမြင်မှု၊သင်ယူနိုင်မှု၊ စဉ်းစားတွေးခေါ် နိုင်မှု၊ ကြံ့ခိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု များကိုလည်း ပံ့ပိုးပေးသည်။ ဆရာ/မများအနေနှင့် အမျိုးအစား ၈ မျိုးအတွင်းမှ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုဆိုင်ရာ အချက်ပေါင်း ၃၆ ချက်ကို အသုံးပြုပြီး COR Advantage အကဲဖြတ်ခြင်းကို ဆောင်ရွက်ပေးသည်။

အကဲဖြတ်ခြင်း အချိန်ကာလတစ်ခုပြီးတိုင်းတွင်လည်း မိသားစုများအား ပြန်လည်ဝေမျှပါသည်။

### သင်ထောက်ကူစွည်းများ အဆင်သင့်ဖြစ်ခြင်း

မိသားစုတစ်စုစီတိုင်းမှ စာအုပ်အသစ်၊ သင်ထောက်ကူပစ္စည်းများနှင့် ပြက္ခဒိန်တစ်ခုကို သင့်ကလေးနှင့် ပျော်ရွှင်စေရန် လက်ခံရရှိမည်ဖြစ်သည်။ ဤပစ္စည်းများတွင် သင့်ကလေး၏ ကြီးထွားဖွံ့ဖြိုးမှုကို ပံ့ပိုးပေးသည့် အသက်အရွယ်အလိုက် သင့်လျော်သော ပစ္စည်းများ ပါဝင်သည်။ ဒီဇင်ဘာ၊ ဧပရယ်နှင့် ဂျွန် လများတွင် ဤပစ္စည်းများ သင့်ကလေးနှင့်အတူ အိမ်သို့ ပါလာမည် ဖြစ်သည်။ အိမ်သို့လာရောက်သူများမှ သင်ထောက်ကူ ပစ္စည်းများကို ဒီဇင်ဘာ၊ ဧပြီ၊ မေနှင့် ဇူလိုင်လများတွင် ပို့ဆောင်ပေးမည် ဖြစ်သည်။

### ကျောင်းနှင့် အိမ်ချိတ်ဆက်၍ ကျောင်းတက်ရန် အသင့်ဖြစ်စေခြင်း –သင်အသုံးပြုနိုင်သော သတင်းများ

HS4KC မှ မူကြိုကျောင်းနှင့် အိမ်သို့လာရောက်ခြင်း ပရိုဂရမ်၌ စာရင်းသွင်းထားသော ကလေးများ၏ မိသားစုများအတွက် အပတ်စဉ် သတင်းစာကို ထုတ်ဝေပါသည်။ "News You Can Use" သတင်းစာမှ လာမည့်ပွဲများအတွက် သတင်းအချက်အလက်များ၊ အရေးကြီးသော ရက်များနှင့် သတိပေးချက်များ၊ လစဉ် အစားအသောက်စာရင်းများ၊ ရပ်ရွာ အရင်းအမြစ်များနှင့် ကလေးသူငယ်နှင့် မိသားစုများဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာတွေ့ရှိချက် စောင်းပါးများ၊ သင်ယူခြင်းနှင့် ကြီးထွားဖွံ့ဖြိုးခြင်း စသည့် သတင်းများကို ပေးပါသည်။

## မိဘနှင့် မိသားစု တွေ့ဆုံခြင်း

မိဘနှင့် မိသားစု ရင်းနှီးစွာတွေ့ဆုံခြင်းသည် မိသားစု အဆင်ပြေရေး၊ မိဘများနှင့် ၎င်းတို့ သားသမီးများကြားတွင် ခိုင်မာသော ဆက်ဆံရေး၊ မိဘများနှင့် ကလေးများ နှစ်ဖက်လုံးအတွက်  အမြဲတစေ သင်ယူနေမှုနှင့် ကြီးထွားဖွံ့ဖြိုးမှုနှုန်း များကို ပိုမိုအားကောင်းလာစေရန် ပံ့ပိုးပေးသည့် မိသားစုများ၏ အပြန်အလှန် ဆက်ဆံရေးကိုတည်ဆောက်ပေးနေခြင်းဖြစ်သည်။

### အိမ်သို့လည်ပတ်ခြင်း ပညာပေးအစီအစဉ်

အိမ်သို့လာရောက်ခြင်း ပညာပေးအစီအစဉ်ကို တစ်နှစ်လျှင် ၂ကြိမ် ပြုလုပ်သည်။ ပထမအကြိမ် ပညာပေးခြင်းကို နှစ်စဉ် ပရိုဂရမ်နှစ် အစမပြုမီ သို့မဟုတ် ပရိုဂရမ်တွင် ကလေးအသစ် ပါဝင်လာသည့် အချိန်တိုင်းတွင် ပြုလုပ်ပြီး ၎င်းအချိန်တွင် အဓိကအားဖြင့် သင့်ကလေး၏ ဆရာ/မ သို့မဟုတ် အိမ်သို့လာရောက်မည့်သူနှင့် တွေ့ဆုံခြင်းအပြင် ကျွန်ုပ်တို့၏ အစီအစဉ်နှင့် မိတ်ဆက်သင်ပြခြင်းကိုလည်း လုပ်ဆောင်မည် ဖြစ်သည်။ ဒုတိယအကြိမ် ပညာပေးခြင်းကို  နွေဦးကာလတွင် ပြုလုပ်မည်ဖြစ်ပြီး အဓိကအားဖြင့် မိသားစုတစ်ခုလုံးအတွက် ကူညီထောက်ပံ့မှုများနှင့် နောက်နှစ် ပရိုဂရမ် အတွက် အမည်စာရင်း ပြန်သွင်းခြင်း၊ ညီအကိုမောင်နှမများ၏ အမည်စာရင်းသွင်းခြင်း သို့မဟုတ် လာမည့် ဆောင်းဦးတွင် သူငယ်တန်း ပြောင်းရွှေ့တက်ရန် စသည့် ကလေး၏အကူးအပြောင်းကိစ္စရပ်များအတွက် ဆွေးနွေးသွားမည် ဖြစ်သည်။

### မိသားစု တွေ့ဆုံပွဲများ

စုံညီစည်းဝေးများကို မူကြိုကလေးများအတွက် ၁နှစ်လျှင် ၂ကြိမ်နှင့်၊ အိမ်သို့လာရောက်ခြင်း အပါအဝင် နို့စို့ကလေးငယ်များနှင့် လမ်းလျှောက်ကလေးငယ်များအတွက် တစ်နှစ်လျှင် ၃ ကြိမ် ကျင်းပပါသည်။ စုံညီစည်းဝေးပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ကလေးတစ်ဦးချင်းစီ၏ တိကျသော တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာအတွက် ၎င်းတို့တစ်ဦးစီ၏ သင်ယူခြင်း ပန်းတိုင်သို့ရောက်ရန်  ကလေးတစ်ဦးချင်းစီ၏ တိုးတက်မှုကို ပြန်လည်သုံးသပ်ပြီး မိသားစု တစ်စုစီနှင့် လက်တွဲလုပ်ဆောင် ခြင်းဖြစ်သည်။ အစည်းအဝေးများကို မူကြိုကလေးများအတွက် နှစ်စဉ် နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလတွင်ကျင်းပပြီး၊ အိမ်သို့လာရောက်ခြင်းအပါအဝင် နို့စို့ကလေးနှင့် လမ်းလျှောက်ကလေးငယ်များအတွက် နိုဝင်ဘာ၊ ဖေဖော်ဝါရီနှင့် ဂျူလိုင် လများတွင် ပြုလုပ်လေ့ရှိသည်။

# ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ တုံ့ပြန်မှု

HS4KC တွင် ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေသော ကလေးများနှင့် မိသားစုများသည် ဤနိုင်ငံ၏ တိုင်းရင်းသားလူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကား မတူကွဲပြားမှုများကို ထင်ဟပ်စေပါသည်။ လေးစားမှုရှိခြင်းနှင့် ကျွမ်းကျင်လိမ္မာမှုရှိခြင်းသည် ကျွန်ုပ်တို့၏ အဓိကတန်ဖိုး နှစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကလေးများအားလုံးသည် အရည်အချင်းရှိပြီး အောင်မြင်သော၊ လေးစားမှုရှိသော လူကြီး၊လူကောင်းများ ဖြစ်လာရန် နည်းလမ်းကောင်းများဖြင့် ကြိုးစား ပံ့ပိုးပေးလျှက်ရှိပါသည်။ HS4KCသည် ဘာသာစကားနှင့် ယဉ်ကျေးမှုအရ ကွဲပြားသောကလေးများနှင့် ၎င်းတို့၏ မိသားစုများ အပါအဝင် ကျွန်ုပ်တို့၏ ပရိုဂမ်တွင် စာရင်းသွင်းထားသော မိသားစုများနှင့် ကလေးများအားလုံးအတွက် အကောင်းဆုံးသော ပညာရေးနှင့် လူမှုတိုးတက်မှုများ အခိုင်အမာရရှိစေရန် လက်တွေ့ရှာဖွေစမ်းသပ်မှုများ အပေါ် အခြေခံသော နည်းလမ်းကောင်းများဖြင့် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့ပြုလုပ်သော နည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့ အတန်းစာအုပ်များ၏ တစ်မျက်နှာတွင် မိသားစုများမှ ဝေမျှအကြံပြုရန် တောင်းခံခြင်းပင် ဖြစ်သည်။ စာသင်ခန်းများတွင် မတူကွဲပြားသော ပစ္စည်းများနှင့် သင်ထောက်ကူများကို အမျိုးစုံလင်စွာဖြင့် ထားရှိပါသည်။ အိမ်သို့လာရောက်ခြင်း ပရိုဂမ်သည် အိမ်တွင်းရှိ ပစ္စည်းများကို အကျိုးရှိစွာ အသုံးချခြင်းဖြင့်  မိသားစုတိုင်းနှင့် အလုပ် လုပ်လျှက်ရှိပါသည်။ ကျွန်ုပ်တို့ ယုံကြည်သည်-

- မိသားစုများသည် ၎င်းတို့၏ ကလေးများအတွက် ပထမဆုံးနှင့် အရေးကြီးဆုံးသော ဆရာများ ဖြစ်ကြသည်။
- မိသားစုများသည် ၎င်းတို့မိသားစု ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍတွင်ရှိသော ကျွန်ုပ်တို့၏ လုပ်ဖော်ဆောင်ဖက်များဖြစ်သည်။
- မိသားစုများသည် ၎င်းတို့၏ ကလေး၊ ၎င်းတို့ မိသားစုအကြောင်းနှင့် ပတ်သက်၍ အကျွမ်းကျင်ဆုံးသော သူများဖြစ်သည်။
- မိသားစုများ၏ ပံ့ပိုးပါဝင်မှုသည် အလွန်အရေးကြီးပြီး တန်ဖိုးရှိသော အရာဖြစ်သည်။

# ကွင်းဆင်းလေ့လာခြင်း

မူကြိုကလေးများသည် ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းကို ပံ့ပိုးပေးသည့် ကွင်းဆင်းလေ့လာရေးခရီးကို ပုံမှန်ကျောင်းတက်ရက်အတွင်း ပါဝင်ဖို့ရန် အခွင့်အရေးရှိပါသည်။ မိဘများကို ကြိုတင် အကြောင်းကြားထားမည်ဖြစ်ပြီး ပါဝင်ဖို့ရန်လည်း တိုက်တွန်းချင်ပါသည်။ နို့စို့ကလေးနှင့် လမ်းလျှောက်ကလေးငယ်များအတွက် လေ့လာရေးခရီးစဉ်များကို ပုံမှန်ကျောင်းတက်ရက် မဟုတ်သည့်ရက်တွင် သွားရန် မိဘများနှင့် ပူးပေါင်းစီစဉ်သည်။ ထိုသို့လျှင် မိဘများမှ ၎င်းတို့ကလေး နှင့်အတူ လိုက်ပါနိုင်မည်ဖြစ်ပြီး သွားလာရေးယဉ်အတွက်လည်း ပံ့ပိုးကူညီနိုင်မည် ဖြစ်သည်။

# အားလပ်ရက် ပျော်ပွဲရွှင်ပွဲများ/လက်ဆောင်ပစ္စည်းများ

လူတိုင်းအပေါ်တွင် လေးစားမှုရှိခြင်းကို မြှင့်တင်ရန် ဆန္ဒဖြင့် ကလေးများနှင့် မိသားစုများအားလုံး အတူတကွ ပါဝင်သည့် အလေ့အကျင့်ကို ထင်ဟပ်စေသည့် Head Start မှ ကြီးမှူးကျင်းပသော မည်သည့် လှုပ်ရှားမှုပွဲတွင် မဆို(ဝန်ထမ်များ စုရုံးခြင်း၊ အတန်းချိန်၊ မိဘတွေ့ဆုံပွဲများ၊ စသည်ဖြင့်) ပါဝင်ရန် တောင်းဆိုချင်ပါသည်။ ပွဲများ အားလုံးသည် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာရေး၊ မူလနိုင်ငံသား၊ အသက်အရွယ် သို့မဟုတ် မသန်စွမ်း သူ၊ အရပ်၊ ကိုယ်အလေးချိန်၊ စစ်မှုထမ်းဟောင်း၊ အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အခြားတရားဝင် အဖွဲ့ အစည်းများတွင်ရှိခြင်း များအားလုံးကို လေးစားသမှုပြုပါမည်။

အတန်းတွင်း ပွဲများနှင့် လှုပ်ရှားမှုများကို ပြုလုပ်ရာတွင် ရာသီအကူးအပြောင်း၊ ကလေးများ၏ အောင်မြင်မှုများ၊ အတန်းတွင် အတူတကွ ဖတ်ပြီးသည့် စာအုပ်အရေအတွက်၊ ဖွံ့ဖြိုးမှုမှတ်တိုင် စသည့် "အခြေခံတူညီမှု" ရှိသည့် အရာများကိုသာ ရွေးချယ်ပြုလုပ်ခြင်းဖြင့်မိသားစုများ၏ ယုံကြည်ခံယူမှုကို အလေးထားမည်ဖြစ်သည်။ ဟော်လ ဝင်း၊ ခရစ်စမတ် စသည့် စီးပွားဖြစ် အမြတ်ထုတ်နေကြသည့် ပွဲများအပြင် ကိုယ်တိုင်ဖန်တီး စီစဉ်သည့် (ခင်မင် ရင်းနှီးမှု၊ ပူပေါင်းလုပ်ဆောင်မှု၊ ပြဿနာဖြေရှင်းခြင်း၊ ပန်းတိုင်သို့ရောက်ခြင်း သို့မဟုတ် စောင့်မျှော်နေသော ရာသီဥတုပြောင်းလဲခြင်း) စသည်ကဲ့သို့သော ပွဲများကို ကလေးများ၊ မိသားစုများနှင့် ပြုလုပ်ရန် ဆရာ/မ များအား တိုက်တွန်းပါသည်။

# သင့်ကလေးနှင့်အတူ ကျောင်းသို့ ဘာပို့ရမည်နည်း

HS4KC တွင် သင့်ကလေးသည် နေ့အချိန်အတွင်း ကျွန်ုပ်တို့နှင့် အပြည့်အဝ ပါဝင်နိုင်ရန် သူ လိုအပ်သည့် အရာ များအားလုံးကို ကျွန်ုပ်တို့ ပံ့ပိုးပေးမည် ဖြစ်သည်။ အချို့သော အရာများသည် သင့်ကလေး သက်သောင့်သက်သာ ဖြစ်စေရန် အမှန်တကယ် အကူအညီဖြစ်စေပါသည်။ အကယ်၍ သင့်အနေဖြင့် ဤအရာများထဲမှ တစ်ခုခုကို သင် လိုအပ်နေပါက သင့်ကလေး၏ ဆရာ/မ အား အကူအညီ တောင်းခံနိုင်ပါသည်။ ကျောင်းသို့ ပေးပို့သည့် မည် သည့် ပစ္စည်းတွင်မဆို ကျေးဇူးပြု၍ သင့်ကလေး၏ အမည်ကို ကျေးဇူးပြု၍ ရေးပေးစေလိုပါသည်။ အရုပ်များ သို့မဟုတ်  မည်သည့် အစားအသောက်များမဆို မပို့ပေးပါနှင့်။

## နို့စို့ကလေးများ/ လမ်းလျှောက်ကလေးငယ်များ

အပို အဝတ်အစားများ၊ အပြင် အသုံးအဆောင်များ၊ သက်သောင့်သက်သာ ဖြစ်စေသော ပစ္စည်းများ (ချိုလိမ်၊ စောင်*စသည်ဖြင့်)

*မှတ်ချက်- စောင်ကို ပုခက်တွင် ထည့်မည်မဟုတ်ပါ၊ sleep sacks ပေးပါသည်။

## မူကြိုကျောင်း

ကျောပိုးအိတ်၊ အပို အဝတ်အစား၊ အပြင် အသုံးအဆောင်၊ အနားယူချိန်အတွက်စောင်။

စောင်များကို လျှော်ရန် အပတ်စဉ် အိမ်သို့ပို့မည် ဖြစ်သည်။

# သယ်ယူပို့ဆောင်ရေး

အစီအစဉ် ဒါရိုက်တာ - Jim Vandermaas ........................................................................................ ၆၁၆-၇၃၅-၀၆၉၃

သယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးမှူး- Kim Allington ........................................ ၆၁၆-၄၅၃-၄၁၄၅ ၊ လိုင်းခွဲ -၂၂၉၁

သင့်ကလေး၏ ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့ အဓိက အလေးထားသည့်အရာ ဖြစ်သည်။ ထို့အတွက်ကြောင့် မိဘများမှ အောက်ပါအချက်များကို လုပ်ဆောင်ရန်လိုအပ်သည်။

- ဘတ်စ်ကားပေါ်တွင် စေတနာ့ဝန်ထမ်းထားရှိခြင်း၊ ဘတ်စ်ကားတစ်စီးထဲတွင် ကလေး(၁၀)ယောက်နှင့် အထက်ပါရှိပါက စေတနာ့ဝန်ထမ်းတစ်ဦးပါရှိရန်အတွက် မီချီဂန်ပြည်နယ် ဥပဒေအရလိုအပ်သည်။ ထိုစေတနာ့ဝန်ထမ်းသည် နေ့စဉ်ကျောင်းသွား/ ကျောင်းပြန်ချိန်တိုင်း ကလေးများစနစ်တကျ လိုက်ပါစီးနင်းရေးနှင့် ဘေးကင်းလုံခြုံရေးကို ကြီးကြပ်ဆောင်ရွက် ပေးရမည်။ ပထမဦးဆုံးအနေဖြင့် ထိုစေတနာ့ ဝန်ထမ်းသည် ယဉ်မောင်းထံမှ မျှော်မှန်းထားသည့် အခြေခံလိုအပ်ချက်များကို သိရှိထားရမည်ဖြစ်သည်။
- သွားမည့်လမ်းကြောင်းအတွက် စေတနာ့ဝန်ထမ်းအား စိတ်မချရသည့် အဖြစ်အပျက်ရှိလာပါက ထိုနေ့အဖို့ ကလေး(၁၀) ယောက်ကိုသာ အကြို/အပို့ ပြုလုပ်ရမည်။
- သင့်ကလေး၏ အရေးပေါ်ဆေးဝါး(များ)ကို ယဉ်မောင်းအားပေးပါ။ ဆေးဝါးများကို မည်သည့်အခါမျှ သင့်ကလေး၏ ကျောပိုးအိတ် သို့မဟုတ် အိတ်ထောင်များတွင် မထည့်ပါနှင့်။
- ကားပေါ် အတက်နှင့် အဆင်းတွင် သင့်ကလေးအား ကူညီပါ။ ယာဉ်မောင်းသည် ကလေး၏ မိဘမှ ကြိုတင်ခွင့်ချက်ပေးထားသူ(များ)ထံသာ သင့်ကလေးအား လွှတ်မည်ဖြစ်သည်။ အုပ်ထိန်းသူနေရာတွင် နောက်ထပ် လူကြီးများကို Smart Tag Parent Portal မှ ထပ်ထည့်နိုင်ပြီး ထိုနေရာ၌ပင် Smart Alerts အတွက်လည်း စာရင်းထည့်နိုင်သည်။ ခွင့်ပြုချက်ရသူ(များ) အုပ်ထိန်းသူအနေဖြင့် မှတ်ပုံတင် အထောက်အထားရှိရန် လိုအပ်ပြီး ၁၈နှစ်နှင့် အထက် ရှိပြီးသူဖြစ်ရမည်။ အကယ်၍ မိဘ/အုပ်ထိန်းသူ သို့မဟုတ် ခွင့်ပြုချက်ရထားသူမှ ကလေး ပြန်သည့်အချိန်တွင် မရှိနိုင်ပါက ကလေးသည် ၎င်းတို့၏ Head Start ဆိုဒ် သို့မဟုတ် Head Start သယ်ယူပို့ဆောင်ရေးဌာန၊ 2626 WALKER AVE NW သို့ ခေါ်ဆောင်သွားမည် ဖြစ်သည်။ အကယ်၍ Head Start မှ ကလေးအား လာကြိုရန် တစ်စုံတစ်ယောက်အား ဆက်သွယ်၍ မရပါက Child Protective Services သို့ ဖုန်းခေါ်ဆိုပါမည်။ ပထမဦးဆုံးအကြိမ် ဤသို့ဖြစ်ပါကစာဖြင့် သတိပေးခြင်းခံရမည် ဖြစ်ပြီး ဒုတိယအကြိမ်မြောက် ဤသို့ဖြစ်ခဲ့လျှင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ရပ်ဆိုင်းခံရနိုင်ပြီး သယ်ယူပို့ဆောင်မှု သဘောတူစာချုပ်ကို သယ်ယူပို့ ဆောင်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းသည်အထိ လုပ်ဆောင်နိုင်သည်။
- ကားထဲ၌ရှိနေစဉ် သင့်ကလေး၏ ထိုင်ခုံခါးပတ်ကို အမြဲတမ်း ပတ်ထားရမည်။ ကလေး(များ)သည် ဘတ်စ်ကားသို့ တက်ခြင်း/ဆင်းခြင်း ပြုလုပ်ရာတွင် လူကြီးတစ်ဦးမှ အမြဲလိုက်ပါရမည်ဖြစ်သည်။
- အကယ်၍ သင့်ကလေးသည် ဘတ်စ်ကားပေါ် တက်ရန် သို့မဟုတ် ဆင်းရာတွင် ကားလမ်းကူးရမည်ဆိုပါက ကားလမ်းကူးသည့်အခါတွင် သင့်ကလေးနှင့်အတူ လိုက်ပါပေးရမည် ဖြစ်သည်။ ဖြစ်နိုင်လျှင် ကလေးများ ဘတ်စ်ကားပေါ်သို့ တက်ရန် သို့မဟုတ် ဆင်းရာတွင် လမ်းဖြတ်ကူးခြင်းကို ရှောင်ရှားနိုင်ရန် လမ်းဘေးတွင် ကားရပ်ပေးမည် ဖြစ်သည်။
- ဆက်သွယ်ရမည့် နံပါတ်/အချက်အလက်များကို အမြဲတမ်း မှန်ကန်နေအောင်ပြုလုပ်ထားပါ။
- အချိန်ဇယားအတိုင်း ဆက်လက်ထွက်ခွာနိုင်ရန်အတွက် ယာဉ်မောင်းသည် မည်သည့်အိမ်တွင်မဆို စက္ကန့် ၉၀ သာလျှင် စောင့်ဆိုင်းမည်ဖြစ်သောကြောင့် သင့်ကလေးအား အဆင်သင့် ရှိနေစေပါ။

အကယ်၍

- သင်၏ကလေးသည် ကျောင်းကြို/ပို့ကားနှင့်မလိုက်ပါဖြစ်ပါက
- အရေးပေါ်အခြေအနေများရှိလာပါက

ဆက်သွယ်ရေးဌာန နံပါတ် (616) 735-0693 နှင့် သင်၏ Head Start ဆိုဒ်သို့ငှင်း ဆက်သွယ်ခေါ်ဆိုရမည်ဖြစ်သည်။ Head Start ၏ ဘတ်စ်များအားလုံးတွင် GPS နှင့် လုံခြုံရေးကင်မရာများကို လိုက်ပါစီးနှင်းသူများ၏ ဘေးကင်းလုံခြုံရေး အတွက် တပ်ဆင်ထားပါသည်။

# ဘေးကင်းလုံခြုံမှု ပညာပေး

## ဘေးကင်းစွာ သွားလာခြင်း

သင်၏ကလေးနှင့်အတူ ဘေးကင်းလုံခြုံစွာ သွားလာခြင်း၏ အရေးကြီးပုံကို ပညာပေးဆွေးနွေးပါ။ ဘေးကင်းလုံခြုံစွာ သွားလာခြင်းဟူသည်မှာ လမ်းမပေါ်များ၊ လမ်းဖြတ်ကူးခြင်းများ၊ ယာဉ်များသွားရာလမ်းနှင့် ကားပါကင်များတွင် သွားလာခြင်းမဟုတ်ဘဲ အပြင်သို့ ဘေးကင်းစွာ လမ်းလျှောက်ထွက်ခြင်း ဖြစ်သည်။ ငယ်ရွယ်သောကလေး များသည် လူကြီးတစ်ဦးနှင့်အတူ လမ်းဖြတ်ကူးရန် လိုအပ်သည်။ ဤအသက်အရွယ် ကလေးများသည် လမ်းဖြတ်ကူးရန် ဘေးကင်းခြင်း/မကင်းခြင်းကို မှန်ကန်စွာ ဆုံးဖြတ်ရန် ယုံကြည်၍ မရနိုင်သေးပေ။ ငယ်ရွယ်သောကလေးများသည် လူကြီးတစ်ဦးနှင့်အတူသာ  လမ်းဖြတ်ကူးခြင်းကို အမြဲပြုသင့်ပေသည်။ သင့်ကလေးအား လုံခြုံစွာ လမ်းဖြတ်ကူးခြင်းကို မြင်သာအောင် finger-plays ဖြင့် သင်ပြပေးခြင်းနှင့် သင်လိုချင်သော စာအုပ်များ ရှိပါက  သင့်ကလေး၏ ဆရာ/မ သို့မဟုတ် အိမ်သို့လာရောက်သူအား ဆက်သွယ်နိုင်ပါသည်။

ဘေးကင်းလုံခြုံမှု နောက်တစ်ခုမှာ သင်၏ကလေးများ ဘတ်စ်ကားပေါ်မှ အတက်/အဆင်း ပြုလုပ်သည့်အခါတိုင်း လူကြီးတစ်ဦး လိုက်ပါခြင်းဖြစ်သည်။ ဤအရာဖြင့် ကလေးများသည် ဘေးကင်းစွာ ဘတ်စ်ကားပေါ်သို့ တက်ခြင်း/ဆင်းခြင်း ကို သင်ယူနိုင်ခြင်း (လမ်းလျှောက်ခြင်း၊ လက်ကိုင်တန်းကိုကိုင်၍ လျှောက်ခြင်း၊ တစ်လှမ်းခြင်းလျှောက်ခြင်း) နှင့် ကားစီးသည့်အခါတိုင်း ထိုင်ခုံခါးပတ်ပတ်ထားရန် လိုအပ်ခြင်းများကိုလည်း အမြဲအစေအမှတ်ရနေမည် ဖြစ်သည်။ ဤအရာများအားလုံးသည် ဘေးကင်းစွာ သွားလာခြင်းအတွက် အရေးကြီးသည့်အရာများဖြစ်သည်။ မိဘများသည် မိမိကလေးများနှင့် ဘတ်စ်ဆီသို့၊ ဘတ်စ်ကားပေါ်သို့ လိုက်ပါပေးခြင်းဖြင့် ၎င်းတို့သားသမီးများသာမက ကားပေါ်မှ အခြားကလေးများအတွက်သော်ငှင်း စံပြပုဂ္ဂိုလ်များဖြစ်စေသည်။

## ဘတ်စ်ကားလုံခြုံရေး

HS4KC သည် ကျွန်ုပ်တို့ ကလေးများနှင့် ၎င်းတို့၏မိသားစုများအတွက် အရေးကြီးသော ကျန်းမာခြင်းနှင့် ဘေးကင်းလုံခြုံခြင်း များအတွက် ပံ့ပိုးပေးရန် ရည်ရွယ်လုပ်ဆောင်လျှက် ရှိသည်။

ကျောင်း၌ ဆွေးနွေးသင်ကြားသော အကြောင်းအရာနှင့် အိမ်၌ ပြန်လည် အားဖြည့်ပေးခြင်းသည် ကျွန်ုပ်တို့ ကလေးများအား စဉ်ဆက်မပြတ်သော သတင်းအချက်အလက်ကို ရစေခြင်းနှင့် ပို၍ အလွယ်တကူ  မှတ်မိခြင်းကိုဖြစ်စေသည်။

ကျောင်းတွင် သင်၏ကလေး သင်ယူလေ့လာမည့်အရာကို ကူညီအားဖြည့်ပေးရန်

ကျေးဇူးပြု၍ အောက်ပါအကြောင်းအရာများကို သင်၏ကလေးနှင့် ပြန်လည် သုံးသပ်ပေးပါ။

ယဉ် ပေါ်သို့ တက်ခြင်း နှင့် ဆင်းခြင်း

ဘတ်စ်ကားပေါ် အတက်/အဆင်း ပြုလုပ်သည့်အခါတိုင်း သင်၏ကလေးကို အောက်ပါအချက်များလိုက်နာရန် ပြောပြပါ-

- လမ်းလျှောက်ပါ။
- တစ်ဦးချင်းစီသွားပါ။
- လက်ကိုင်တန်းကို ကိုင်၍ အတက်/အဆင်းပြုလုပ်ပါ။
- တစ်ဆင့်ခြင်းသွားပါ။
- ကားပေါ်ရောက်သည်နှင့် မိမိထိုင်ခုံနေရာကိုတန်းသွားပါ၊
- ထိုင်ခုံခါးပတ် ပတ်ပါ။ လိုအပ်ပါက အကူအညီတောင်းခံပါ။

အန္တရာယ်ဇုံ

သင်၏ကလေးအား ကားပတ်ဝန်းကျင်၌ရှိသော အန္တရာယ်ရှိနိုင်သော နေရာများအားပြောပြထားပါ။ အန္တရာယ်ရှိနိုင်သော နေရာသည် ကားနှင့် ၁၀ပေ ဝန်းကျင် အကွာဖြစ်သည်။ အထူးသဖြင့် ဘတ်စ်ကားများသည် ရှည်/ကြီးပြီး ယာဉ်မောင်းမှာ ကားအနီးတဝိုက်ရှိ အရာများကို မြင်နိုင်ရန် ခက်ခဲသည်။

- ဘတ်စ်ကား အနီးတဝိုက်တွင် မည်သည့်အခါမျှ လမ်းလျှောက်ခြင်းမပြုပါနှင့်။
- ဘတ်စ်ကားဘေးမှ မည်သည့်အခါမျှ လမ်းမလျှောက်ပါနှင့်။
- ဘတ်စ်ကား တံခါးသို့ တစ်ခါထဲသွားပါ၊ သို့သော် ယာဉ်မောင်းမှ သင့်အားမြင်နိုင်သည့်နေရာတွင် နေပါ။
- လူကြီး/အုပ်ထိန်းသူမပါဘဲ ဘတ်စ်ကားရှေ့မှ ဖြတ်လျှောက်ခြင်းမပြုရ။

## ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း

ဘတ်စ်ကားစီးသူ ကလေးများအားလုံးသည် ပရိုဂမ်နှစ်အတွင်းတွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း အတွေ့အကြုံ ၃ကြိမ်ကို အစမ်းပြုလုပ်မည် ဖြစ်သည်။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းကို ကြိုတင်ထိန်းချုပ် ပြင်ဆင်ထားမှုအောက်တွင် လေ့ကျင့် ပါသည်။ ၎င်းတို့သည် ကလေးများအား အရေးပေါ်အခြေအနေ ကျရောက် နေသကဲ့သို့ ဘတ်စ်ကားအား စွန့်ခွာပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ယာဉ်မောင်း၏ဦးဆောင်မှုကို လိုက်နာ ခြင်းနှင့် သတ်မှတ်ထားသောနေရာ၌ တွေ့ဆုံခြင်း များကို လေ့ကျင့်စေပါသည်။ အကယ်၍ သင်သည် အရေးပေါ် အခြေအနေ အစမ်း လေ့ကျင့်ခြင်းတွင် ပါဝင်လိုပါက မည့်သည့်အချိန်တွင် ပြုလုပ်မည်ကို သိနိုင်ရန်ကျေးဇူးပြု၍ သင့်ကလေး၏ ယာဉ်မောင်းထံတွင် ဆက်သွယ်ပေးပါ။

## လိုင်စင် မှတ်တမ်းမှတ်စု

(I) စင်တာ၏ လိုင်စင်မှတ်စုစာအုပ်ကို ရနိုင်သည့် အသိပေးစာ။ အသိပေးစာတွင် အောက်ပါအချက်များအားလုံးပါဝင်ရမည်-

(i) လိုင်စင်မှတ်စုစာအုပ်တွင် လိုင်စင်ဆိုင်ရာ စစ်ဆေးမှုများနှင့် အထူးစုံစမ်းစစ်ဆေးမှု သတင်းပေးပို့ချက်များ နှင့် လွန်ခဲ့သော ၅ နှစ်အတွင်းမှ အမှားပြင်ဆင်ချက်ဆိုင်ရာများ ပါဝင်ရမည်။

(ii) လိုင်စင်မှတ်တမ်းစာအုပ်ကို ပုံမှန်ရုံးချိန်တွင် မိဘများလည်းကြည့်ရှုခွင့်ရှိသည်။

(iii) လိုင်စင်အတွက်စစ်ဆေးမှုမှတ်တမ်းများ၊ အထူးစုံစမ်းစစ်ဆေးမှုမှတ်တမ်းများ နှင့် အနည်းဆုံး လွန်ခဲ့သော ၃ နှစ်အတွင်း ပြုပြင်လုပ်ဆောင်ခဲ့သောလုပ်ငန်းစဉ်များအကြောင်းကို ကလေးထိန်းလိုင်စင်ဌာန၏ ဝပ်ဆိုဒ် www.michigan.gov/michildcare တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ဝပ်ဆိုဒ်လိပ်စာအား မြင်သာသော စာလုံးဖြင့် ရေးသားထားသည်။

**Head Start for Kent County**

Connecting Families and Community Resources



# ကျေးဇူးတင်ပါသည်

ဤပစ္စည်းများကို မစ်ချီဂန် တစ်သက်တာ ပညာရေး၊ တိုးတက်မြင့်မားရေး နှင့် စွမ်းရည် ဌါနမှ လှူဒန်းငွေဖြင့် ရေးသားပြုစုထားပါသည်။

Give Michigan's Kids a Great Start Readiness Program
Michigan's Nationally Recognized Pre-K Program

MiLEAP
Michigan Department of Lifelong Education, Advancement, and Potential

ဤလက်စွဲစာအုပ်၏ လက်ရှိ နောက်ဆုံး ဗားရှင်းကို www.hs4kc.org တွင် အမြဲရရှိနိုင်ပါသည်။

ပြန်လည်ပြင်ဆင်ထားသည်- အောက်တိုဘာ ၁၈, ၂၀၂၄ ၁၁:၁၁ နံနက်